ကြေးမုံ
The Mirror Daily
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)



ကြေးမုံ ယနေ့ ဖတ်စရာ

တတိယအကြိမ် လွှတ်တော် ပထမပုံမှန် အစည်းအဝေးများသို့ တက်ရောက်ရန် မဲဆန္ဒနယ် အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ
စာမျက်နှာ » ၄

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုး ဘက်စုံထောင့်စုံ ဆောင်ရွက်ကြမည့် တတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရည်မှန်းချက်များ
စာမျက်နှာ » ၅

တီဗွီကြော်ငြာခရီးအစ
စာမျက်နှာ » ၆

လက်ရှိအစိုးရ၏ လက်ကျန်ရက်ပေါင်း(၁၀၀)
စာမျက်နှာ » ၉

# ဂွ-ကျောက်ချွန်လမ်းပေါ်၌ တည်ဆောက်နေသည့် ဂွချောင်းတံတား ၄၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်



ဂွမြို့နယ် ဂွ-ကျောက်ချွန်လမ်းပေါ်၌ တည်ရှိသည့် ဂွချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

**သံတွဲ ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် ဂွ-ကျောက်ချွန်လမ်းပေါ်ရှိ ဂွချောင်းတံတားအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈၉၈၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၄၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဂွချောင်းတံတား၏ အပေါ်ထည်အမျိုးအစားမှာ PC Girder၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ တံတားအောက်ခံအုတ်မြစ်မှာ သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစားဖြစ်ကြောင်း၊ တံတားခန်းဖွင့်အတွက် အရှည် ၂၆ ပေ သုံးလက်မစီရှိသော တံတားခန်းဖွင့်သုံးခန်း၊ အရှည်ပေ ၁၀၀ စီရှိသောတံတားခန်းဖွင့် ၁၂ ခန်းနှင့် အရှည်ပေ ၆၀ စီရှိသော တံတားခန်းဖွင့် နှစ်ခန်းတို့ဖြင့် ပါဝင်တည်ဆောက်နေကြောင်းလည်း သိရသည်။

တံတားအရှည်ပေ စုစုပေါင်း ၁၃၉၈ ပေ ကိုးလက်မရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်း အသွားတစ်လမ်း၊ အပြန်တစ်လမ်းပါဝင်သော အကျယ် ၂၄ ပေရှိသည့် နှစ်လမ်းသွားတံတားဖြစ်ကာ လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါဝင်ကြောင်း၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ နှင့် အကျယ် ၈၅ ပေရှိ၍ တံတားခံနိုင်ဝန်မှာ ခွင့်ပြုယာဉ်

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❖

# မြန်မာ့ဆီထွက်သီးနှံမြေပဲများ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးနှုန်းများ သိသာစွာမြင့်တက်လာ

**မန္တလေး ဇန်နဝါရီ ၂၄**

ယခုရက်ပိုင်းအတွင်း မန္တလေးပဲဈေးကွက်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားရုတ်တရက် မြင့်တက်လာမှုကြောင့် မြန်မာ့ဆီထွက်သီးနှံ မြေပဲများ ဈေးနှုန်းသိသာစွာမြင့်တက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

ယခင်နှစ်များက ယခုလိုကာလ တရုတ်နှစ်သစ်ကူးနီးကပ်လာချိန်တွင် အရောင်းအဝယ်များ အေးစက်ငြိမ်သက်သွားသည့်အပြင် ဈေးနှုန်းများကျဆင်းသွားလေ့ရှိသော်လည်း ယခုနှစ်တွင် တရုတ်ဝယ်လက်များက မြေပဲလုံးဆန်များသာမက မြေပဲဆန်နှင့် ရွေးကျမြေပဲဆန်များကိုပါ သိမ်းကျုံးဝယ်ယူနေမှုကြောင့် ဈေးနှုန်းများမြင့်တက်ကာ အရောင်းအဝယ်များ သွက်လက်မြန်ဆန်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"အရင်နှစ်တွေက အခုလို တရုတ်နှစ်သစ်ကူးနီးလာရင် ပဲဈေးကွက်ရဲ့ အရောင်းအဝယ်တွေက တုံ့ဆိုင်းသွားလေ့ရှိပေမယ့် ဒီနှစ်မှာတော့ ထူးထူးခြားခြား ဆီထွက်သီးနှံမြေပဲတွေကို တရုတ်နှစ်သစ်ကူးနီးချိန်မှာ ရွေးကျမြေပဲဆန်တွေပါ မကျန် သိမ်းကျုံးဝယ်ယူနေတဲ့အတွက် ပုံမှန်ဖြစ်စဉ်နဲ့ ပြောင်းပြန်ဖြစ်သွားတယ်။ အဝယ်ကြမ်းတဲ့အတွက် ဈေးတက်တာတွေလည်း မြန်နေတယ်။ တရုတ်ဝယ်လက်တွေရဲ့ ဝယ်ဈေးကိုပြည်တွင်းစက်ပိုင်တွေ မယှဉ်နိုင်တဲ့အတွက် ရပ်နားထားတဲ့ စက်အရေအတွက်တွေလည်း တိုးလာပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မန္တလေးပဲဈေးကွက်၌ ဇန်နဝါရီလဆန်းက တစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှုန်းသာရှိခဲ့သော မြေပဲလုံးဆန်မှာ ယခုရက်ပိုင်း၌ ကျပ် ၃၅၀၀ ဈေးသို့ လည်းကောင်း၊ မြေပဲဆီဆန်မှာလည်း ဇန်နဝါရီလဆန်းက တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ရှိခဲ့ရာမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

CB BANK

CB Bank ၏ Car Loan နှင့် ချိတ်ဆက်ပြီး
ကနဦးပေးသွင်းငွေ၊ သက်သာသောဝန်ဆောင်ခ နှင့်
စိတ်ကူးထဲမှ ကားသစ်လေးကို
ဝယ်ယူလိုက်ပါ။



www.cbbank.com.mm
(95-1) 2317770

# ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

ကြေးမုံ

## ယဉ်ကျေးမှုမြင့်မှ နိုင်ငံနှင့်လူမျိုးဂုဏ်တင့်

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ရှေးဟောင်းအမွေအနှစ်၊ ရှေးအစဉ်အဆက် ယဉ်ကျေးမှုဂုဏ်ဒြပ်များရှိသည်။ ယဉ်ကျေးမှုဂုဏ်ဒြပ်မြင့်မားမှု၊ ထင်ရှားမှု ရှိလျှင်ရှိသလောက် ထိုနိုင်ငံနှင့်နိုင်ငံသားတို့ နိုင်ငံများအလယ်တွင် ဝင့်ကြွားထည်ဝါပေသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော၊ ထိုယဉ်ကျေးမှုကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်သော နိုင်ငံနှင့်နိုင်ငံသားများ၏ အမျိုးသားအားမာန်များ၊ နိုင်ငံ၏ဂုဏ်သရေများ ထည်ဝါခံ့ညားပေသည်။

ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံများတွင် မြန်မာနိုင်ငံသည် မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လူသားများစတင်ဖြစ်တည်လာသည်မှ နိုင်ငံတည်ခေတ်ဦးမှသည် မြန်မာမင်းများအဆက်ဆက်တိုင်အောင် ပြောင်မြောက်သော ယဉ်ကျေးမှုအမွေအနှစ်များကို ဖန်တီးနိုင်ခဲ့သည်။ ထို့အပြင် ရှေးနှစ်ပေါင်းထောင်ချီ မှီတင်းနေထိုင်လာကြသော တိုင်းရင်းသားလူမျိုးစုအသီးသီးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာများမှာလည်း ယနေ့ထက်တိုင် မပျောက်မပျက်ထိန်းသိမ်းထားဆဲ ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များအနက် ပျူမြို့ဟောင်းသုံးမြို့သည် အစောဆုံးရှေးဟောင်းမြို့ပြအမွေအနှစ်များဖြစ်သည်။ ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး ပျူမြို့ဟောင်းသုံးမြို့နှင့် ရှေးဟောင်းပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဂုဏ်ယူဖွယ်ရာ သတ်မှတ်ခံခဲ့ရပြီး ဖြစ်သည်။ ဆက်လက်၍ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသနှင့် အခြားဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အများပြည်သူတို့အနေဖြင့် ကိုင်တွယ်ထိတွေ့၍ရသည့် ဒြပ်ရှိယဉ်ကျေးမှုများကိုသာ များသောအားဖြင့် သိရှိထားကြသည်။ ကိုင်တွယ်ထိတွေ့၍မရသည့် ရှေးဟောင်းအစဉ်အလာနှင့် အသုံးအဆောင်ဒြပ်မဲ့ပစ္စည်းမှာလည်း ယဉ်ကျေးမှုအမွေအနှစ်များဖြစ်၍ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ၂၂၈၉ ခုကို မြန်မာနိုင်ငံအမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားပြီး ယင်းတို့အနက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူ့ယဉ်ကျေးမှုကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် ပထမဆုံးမှတ်ပုံတင်ခွင့်ရရေး ကြိုးပမ်းနေသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသောနိုင်ငံတွင် မိမိတို့၏ ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင် မထိန်းသိမ်းမစောင့်ရှောက်နိုင်ပါက ယဉ်ကျေးမှုများ ကွယ်ပျောက်၍ ကြာလာလျှင် တိုင်းပြည်ပါပျောက်ကွယ်သွားနိုင်ပေသည်။ တိုင်းပြည်ကွယ်ပျောက်သည်ဆိုသည်မှာ တိုင်းတစ်ပါးက လာရောက်သိမ်းပိုက်ခြင်းမဟုတ်ဘဲ သူ့အလိုလိုကွယ်ပျောက်မှန်းမသိ ကွယ်ပျောက်နေခြင်းကို ဆိုလိုသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ကာ ယဉ်ကျေးမှုသမိုင်း ပျောက်ဆုံးနေသည့် မရေရာသည့် နိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်သော်လည်း အနှစ်သာရမဲ့သည့်နိုင်ငံများကို ညွှန်းပြနိုင်သည်။

ထို့ကြောင့် ရှိပြီးကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ခိုင်မာသည့် ဥပဒေ၊ နည်းဥပဒေများလိုအပ်ပြီး ယင်းတို့ကို မြန်မာနိုင်ငံတွင် ရေးဆွဲထုတ်ပြန်ထားသည်။ ခေတ်မီပြီးစနစ်ကျသည့်ပြတိုက်များသည် ထိရောက်သောထိန်းသိမ်းမှု ဖြစ်သည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းရာ၌ ဘတ်ဂျက်၊ နည်းပညာ၊ အဖွဲ့အစည်းအင်အားတောင့်တင်းမှုနှင့် ပြည်သူများ၏အသိတရားဖြင့် ပါဝင်လက်တွဲဆောင်ရွက်မှုတို့သည် အရေးကြီးသည်။ လက်ရှိတွင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည်သူများ၏ အသိတရားအားနည်းသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဖွဲ့စည်းထားပြီး ဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်နေသည်။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများအသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ အားကောင်းလာအောင် ဆောင်ရွက်နေသည်။ ယဉ်ကျေးမှုအမွေအနှစ်များသည် လူမှုပတ်ဝန်းကျင်တွင်ရှိသဖြင့် နိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်မည်ဟူသည့် အသိတရားရှိဖို့ လိုအပ်ပါသည်။

သို့ဖြစ်ရာ ဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသော မြန်မာနိုင်ငံတွင် ဖြစ်ထွန်းတည်ရှိခဲ့သော ရှေးဟောင်းအမွေအနှစ်များအားလုံး မပျောက်မပျက် မပျက်မစီး ခိုင်မြဲစွာတည်ရှိနေစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ အစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ဖြစ်ထွန်းပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် နိုင်ငံနှင့်လူမျိုးအဖြစ် ကျက်သရေတင့်မည် ဖြစ်ပါကြောင်း။ ။

❖ ရှေ့ဖုံးမှ

အလေးချိန်(ယာဉ်+ကုန်) ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ်သန်းပေါင်း ၂၅၀၀ ဖြင့် ငွေမြို့ဘက်ကမ်းရှိ P0 ၊ P1 ၊P2 နှင့်P3 တို့ကိုလည်းကောင်း၊ မကျေးငူရွာဘက်ကမ်းရှိ A2 နှင့် P13 ကိုလည်းကောင်း ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်အတွက် ၂၀၂၀–၂၁ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ်သန်းပေါင်း ၅၄၀၀ ရရှိထားရာ ယခုလအတွင်း ရေလယ်တိုင်ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများနှင့် ငွေမြို့ဘက်ကမ်းရှိဖောင်ဒေးရှင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၈) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရထံမှ သိရသည်။

အဆိုပါ ဂွချောင်းတံတားတည်ဆောက်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သောကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဂွချောင်းတံတားတည်ဆောက်ရေးစီမံကိန်းအား ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း၌ တံတားတည်ဆောက်ပြီးစီးရန် လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပွင့်သစ္စာ

## ကျွန်းစုမြို့နယ် အောင်ကျော်ဇောသမဝါယမအသင်းမှ မွေးမြူထုတ်လုပ်သော ကကတစ်ငါးများ တင်ပို့ရောင်းချ

ကျွန်းစု ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ အောင်ကျော်ဇောသမဝါယမအသင်းမှ မွေးမြူထုတ်လုပ်သော ကကတစ်ငါး (ဒေသအခေါ် ကပ်သပေါင်းငါး)များကို ကျွန်းစုမြို့နယ်အတွင်းသို့ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၏ ညှိနှိုင်းပေးမှုဖြင့် တနင်္သာရီမြို့နယ်သို့ မြို့နယ်အရောက် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့်လည်းကောင်း စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ No Profit, No Loss မူဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ မူဟာမက် အမ်ဂျက် အဇစ် ကာဇီ အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာ ခါလစ် ဟူစိန် မန်မွန်နေရာတွင် မစ္စတာ မူဟာမက် အမ်ဂျက် အဇစ် ကာဇီ အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မူဟာမက် အမ်ဂျက် အဇစ် ကာဇီကို ၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် သိပ္ပံဘွဲ့ (လျှပ်စစ်အင်ဂျင်နီယာ)ကို ရရှိထားသည်။ ၂၀၀၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးဌာနတွင် အရာထမ်းအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ သံတမန်ရေးရာဌာန ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကိုပင်ဟေဂင်မြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ပရီတိုးရီးယားမြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ ပါရီမြို့ရှိ ပါကစ္စတန်သံရုံးတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

## နောက်(၂)ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း နှစ်ပတ်လည်အစည်းအဝေးသို့ Video Message ပေးပို့




**နေပြည်တော် ဇန်နဝါရီ ၂၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း (Myanmar Oil and Gas Services Society –MOGSS) က ကြီးမှူး၍ အွန်လိုင်းဖြင့် ကျင်းပပြုလုပ်သော နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ Video Message ပေးပို့အမှာစကား ပြောကြားသည်။

**ဆက်လက်တည်ရှိနေနိုင်**

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် အနာဂတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကြိုတင်ခန့်မှန်း၍မရနိုင်သော အပြောင်းအလဲများရှိလာမည်ဖြစ်ပြီး နည်းပညာသစ်များ၏ ပြိုင်ဆိုင်မှု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ကြုံတွေ့လာရမည်ဖြစ်ပါကြောင်း၊ New Normal အခြေအနေအတွက် လိုက်လျောညီထွေမှုရှိစေမည့်အစီအစဉ်များကို မိမိတို့ကိုယ်တိုင် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အနာဂတ်တွင် အရေးပါသောအခန်းကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေနိုင်ပြီး ဈေးကွက်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း။

၂၀၂၁–၂၀၂၂ ခုနှစ်တွင် ရေနံစိမ်းဈေးနှုန်း တဖြည်းဖြည်း ပြန်လည်မြင့်တက်လာနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား၊ ရောင်းလိုအားနှင့် ရေနံဈေးနှုန်း အပြောင်းအလဲသည် မိမိတို့၏ ကမ်းလွန်လစ်လပ်လုပ်ကွက်စီမံကိန်းများ နိုင်ငံတကာ တင်ဒါခေါ်ဆိုနိုင်မှု အချိန်ကာလအပေါ် အကျိုးသက်ရောက်မှု ရှိလာမည်ဖြစ်ပါကြောင်း၊ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဓာတ်ငွေ့ဈေးနှုန်းသည် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိနှင့် Downstream Refining Sector တွင် ထုတ်ကုန်ဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကြောင့် စွမ်းအင်အသုံးပြုမှုပုံစံပြောင်းလဲလာပြီး New Energy Mix တွင် ပြန်ပြည့်မြဲစွမ်းအင်ကို ပိုမိုသုံးစွဲလာခြင်းကြောင့် သဘာဝဓာတ်ငွေ့နှင့် LNG တို့သည် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိစုစုပေါင်း တပ်ဆင်အင်အား ၈၁၁၈ မဂ္ဂါဝပ်ရှိပြီး Energy Mix တွင်လည်း ရေအားမှ ၄၀ ရာခိုင်နှုန်းခန့်၊ နေရောင်ခြည်စွမ်းအင် ၁၄ ရာခိုင်နှုန်းခန့်၊ ပြည်တွင်းထုတ်သဘာဝဓာတ်ငွေ့မှ ၃၄ ရာခိုင်နှုန်းခန့်နှင့် LNG မှ ၁၁ ရာခိုင်နှုန်းခန့်ဖြစ်သဖြင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြုမှု ၅၄ ရာခိုင်နှုန်းခန့်နှင့် သန့်ရှင်းသော စွမ်းအင်အသုံးပြုမှု ၄၅ ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

MOGSS အနေဖြင့် အနာဂတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ အခက်အခဲများနှင့် စိန်ခေါ်မှုများအတွက် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုတွင် ဆွဲဆောင်မှုရှိသော ကဏ္ဍများဖြစ်ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ တွင်းသစ်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အဓိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်သည့် A-6, A-3, M-9 နှင့် M-3 ကမ်းလွန်စီမံကိန်းများသည် ရေနံဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိပါကြောင်း၊ နောင်တွင် ကုန်းတွင်းနှင့် ကမ်းလွန်ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းသစ်များသည် အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး လုပ်ငန်းအခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာမည်ဖြစ်ပါကြောင်း။

**ဝန်ဆောင်မှု အခွင့်အလမ်းများရရှိနိုင်**

MOGSS အနေဖြင့် လက်ရှိလုပ်ငန်းများအပြင် Future Energy Transition အရ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်း လေ့လာဆန်းစစ်သင့်ပါကြောင်း၊ အထူးသဖြင့် LNG to Power Projects များအတွက် လိုအပ်သော Terminal များ၊ ဆက်စပ်စက်ရုံများ၊ ပိုက်လိုင်းများနှင့် တည်ဆောက်ခြင်း၊ သိုလှောင်ကန်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ရရှိရေး လုပ်ငန်းများဖြစ်သည့် ပုဂ္ဂလိကရေနံ လက်ယက်တွင်းလုပ်ငန်း၊ အသေးစား ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ၎င်းတို့နှင့်ဆက်စပ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင်လည်း ဝန်ဆောင်မှုအခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း။

ထို့အပြင် သယ်ယူပို့ဆောင်ရေးနှင့် ချက်ပြုတ်ခြင်းကဏ္ဍအတွက် အထောက်အကူပြု LPG လုပ်ငန်းများလည်း အခြားလုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းအတွက် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို Regulatory Body အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားပြီး ၎င်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါကြောင်း၊ MOGSS အနေဖြင့် အဖွဲ့ဝင်များ တိုးမြှင့်ခန့်အပ်ခြင်း၊ လိုအပ်သောငွေကြေးအတွက် ဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာသင်တန်းများပို့ချခြင်း၊ Online Conferences နှင့် ပြပွဲအခမ်းအနားများ ပြုလုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းများတွင် အတွေ့အကြုံနှင့် ပညာရပ်များကို အခြေခံကာ ပိုမိုကောင်းမွန်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ MOGSS မှ နာယက၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုကုမ္ပဏီများမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

## ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

**ကြေညာချက်အမှတ် ( ၁ / ၂၀၂၁ )**

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်း**

၁။ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့် နိုင်ငံသားပိုင်ကုမ္ပဏီ(၁၂)ခုတို့အနက် (၁၁)ခုအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ ယင်းကုမ္ပဏီများအနက် ကုမ္ပဏီတစ်ခုသည် အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်း နှစ်မျိုးလုံး လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် လိုအပ်သည့် စံသတ်မှတ်ချက်များအား ပြည့်ဝစွာ ဆောင်ရွက်နိုင်မှု မရှိ၍ လိုင်စင်ခွင့်ပြုခြင်းမရှိခဲ့ပါ။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် ကျန်ရှိသည့် နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ(၁)ခုနှင့် နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ (၁)ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ စိတ်ဝင်စားမှုရှိသည့် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ပုံစံကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Web-page www.frd.gov.mm တွင် Download ရယူ၍ (၂၆–၂–၂၀၂၁) ရက်နေ့ နောက်ဆုံးထားပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံး(၃၄) သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

---

**✻ မြန်မာဆီထွက်သီးနှံမှ**

ယခုရက်ပိုင်းတွင်ငွေကျပ် ၂၇၀၀ ဈေးနှုန်းသို့လည်းကောင်း၊ တစ်ပိဿာလျှင် ငွေကျပ်၂၀၀၀ ဈေးနှုန်းသာရှိခဲ့သော ရွှေးကျမြေပဲဆန်များမှာ ယခုအခါငွေကျပ် ၂၂၀၀ ဈေးနှုန်းသို့လည်းကောင်း မြင့်တက်လျက်ရှိပြီး ဈေးနှုန်းဆက်လက်မြင့်တက်ရန် အလားအလာရှိကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် မန္တလေးပဲဈေးကွက်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် မြေပဲအပြင် နေပြည်တော်၊ တပ်ကုန်း၊ ပျဉ်းမနားမြို့နယ်များနှင့် မြင်းမူ၊ ပခုက္ကူဒေသများမှ ထွက်ရှိလာသည့် မြေပဲများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါအခြေအနေကြောင့် ဒုတိယအကြိမ်အဖြစ် လေးလကြာ ယာယီပိတ်ထားခဲ့သည့် မန္တလေးကုန်စည်ဒိုင်ကိုလည်း ဇန်နဝါရီ ၂၁ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် မဲဆန္ဒနယ် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလျက်ရှိကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် နေပြည်တော် သတ်မှတ်နေရာများတွင် ဖွင့်လှစ်ထားသည့် သတင်းပို့လက်ခံဌာနများသို့ လာရောက် သတင်းပို့လျက်ရှိကြောင်း သိရသည်။

**ထောက်ခံချက်ရရှိမှသာ**

နေပြည်တော်သို့ ရောက်ရှိလာကြသည့် လွှတ်တော် ကိုယ်စားလှယ်များကို ပထမ ဦးစွာ ဥတ္တရသီရိဟိုတယ်၌ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ Swab Test ရယူစစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ရရှိမှသာ သက်ဆိုင်ရာ သတင်းပို့လက်ခံဌာနများက လက်ခံ ဆောင်ရွက်မှုပြုလုပ်ပေးကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်း ပို့လက်ခံဌာနများကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် နေပြည်တော် စည်ပင် ဧည့်ရိပ်သာတွင်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်တွင် တည်းခိုနေထိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အဆိုပါဌာနချုပ် ရိပ်သာတွင်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့် တည်းခို နေထိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့ လွှတ်တော်ရေးရာဆောင်အမှတ် ၁၂ တွင်လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်) တွင်လည်းကောင်း ဖွင့်လှစ်ပေးထားပြီး ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတင်းပို့ လက်ခံ ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၀၀ ကျော် သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့ခဲ့ကြပြီး ယနေ့တွင်လည်း ကျန်ရှိနေ သည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်သတင်း ပို့လျက်ရှိကြောင်း သိရသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက် တို့တွင် သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့ ကြရန် ကြေညာထားသော်လည်း အကြောင်းအမျိုးမျိုး ကြောင့် လာရောက်သတင်းပေးပို့နိုင်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းပို့လက်ခံ ဌာနများကို ဆက်လက်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သတင်းပို့လက်ခံဌာန၌ လာရောက်သတင်းပို့စဉ်။

**ညွှန်ကြားထား**

"ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ သတင်းပို့နိုင်ဖို့အတွက် နေပြည်တော် စည်ပင်ဧည့်ရိပ်သာကို ဇန်နဝါရီ ၂၁ ရက်၊ ၂၂ ရက်မှာ ကြိုရောက်ကြပါတယ်။ ကျွန်တော်တို့ သတင်းပို့လက်ခံဌာနတွေမှာ တရားဝင် သတင်းပို့တာကတော့ မနေ့ကနဲ့ ဒီနေ့ နှစ်ရက်ဖြစ်ပါတယ်။ အရင်က လွှတ်တော်ကိုယ်စားလှယ်တွေကို စည်ပင် ဧည့်ရိပ်သာမှာပဲ သတင်းပို့ပြီး ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွေမှာ ဆေးစစ်ဖို့ဆောင်ရွက်ထားပေမယ့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ နေပြည်တော် ရောက်ရောက်ချင်း ဆေးစစ်ပြီး Negative ဖြစ်မှသာ တည်းခိုရာနေရာတွေမှာ လက်ခံသွားဖို့ ညွှန်ကြားထားပါ တယ်။ နေပြည်တော်ပြင်ပမှ လွှတ်တော်ကိုယ်စားလှယ် အားလုံးအနေနဲ့ ဘယ်ဒေသက လာခဲ့တာပဲဖြစ်ဖြစ် ဥတ္တရ သီရိ ဟိုတယ်ကိုသွားပြီး သတင်းပို့ရပါတယ်။ အဲဒီမှာ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဆေးစစ်ပါတယ်။ ဆေးစစ်ပြီး ရောဂါကင်းစင်မှသာ တည်းခိုရာနေရာတွေကို လာရောက် ကြပါတယ်။

"နေပြည်တော် ကောင်စီနယ်မြေအတွင်းမှာ နေထိုင် တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အားလုံးကို ဇန်နဝါရီ ၂၈၊ ၂၉ ရက်တွေမှာ ထပ်မံဆေးစစ်ရမှာပါ။ အခု စစ်တဲ့ အထဲမှာတော့ နေပြည်တော်အတွင်းမှာ နေထိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မပါပါဘူး။ မနေ့က လာရောက်စာရင်းသွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေကတော့ စည်ပင်ဧည့်ရိပ်သာမှာ ၈၆ ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှာ ၁၃ ဦး၊ လွှတ်တော်ဝင်းအတွင်း I-12 မှာ သုံးဦး အားလုံးပေါင်း ၁၀၂ ဦးရှိပါပြီ။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရောက် ဖို့လျာထားပေမယ့် ဆေးစစ်ချက်တွေအပေါ် မူတည်ပြီး အားလုံးရောက်ချင်မှလည်း ရောက်မှာပါ။ အားလုံးမရောက် သေးဘူးဆိုရင်လည်း လူကြီးတွေကိုတင်ပြပြီး ကျွန်တော်တို့ ဆက်လက်လက်ခံပေးသွားမှာပါ" ဟု ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်လင်းက ပြောသည်။

သတင်းပေးပို့ကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပေးသည့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် အသိအမှတ်ပြုလွှာနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်း များက စနစ်တကျ စာရင်းရေးသွင်းထုတ်ပေးလျက်ရှိ ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိစဉ်ကာလ အတွင်း တည်းခိုနေထိုင်စားသောက်ရေး ကိစ္စရပ်များ ကိုလည်း ယခင် လွှတ်တော်အစည်းအဝေးများအတိုင်း စီစဉ်ဆောင်ရွက်ထားရှိပေးထားပြီး အစည်းအဝေး ကျင်းပ မည့် ရက်များအတွင်း၌လည်း နေ့လယ်စာအတွက် စားသောက်ဖွယ်ရာများကို သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူစားသောက်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရ သည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အအစည်းအဝေးများကို Social Distancing စနစ်နှင့်အညီ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ရုံးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးခန်းမ ဝင်ပေါက်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ထိုးမှတ်တမ်းတင်သည့်နေရာကို Social Distancing စနစ်နှင့်အညီ ထားရှိပြီး ကျန်းမာရေးအတွက် အသုံးပြုရန် လက်ဆေးရည်များကိုလည်း စီစဉ်ပေးထား ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်အနေဖြင့် ယခုအခါ အစည်း အဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ အဆို၊ မေးခွန်း များ ဆွေးနွေးမေးမြန်းရာတွင် ယခင်က အစည်းအဝေး ခန်းမနောက်တန်းများရှိ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် FM Mic အသုံးပြုဆွေးနွေးခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ယခုအခါ လွှတ်တော် ကိုယ်စားလှယ်များ၏ ခုံနေရာများတွင် Mic များကို တပ်ဆင်ပေးထားကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်း ပို့လက်ခံရေးလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက် တို့တွင် အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် ၁၉ တွင် သတင်းပို့လက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး ယခုအခါ ပထမအကြိမ် ဆေးစစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ-ဟိန်းမင်းစိုး**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် တရုတ်(တိုင်ပေ)တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၃ ဦး အား ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက စီစဉ်သည့် China Airline လေကြောင်းလိုင်း ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



တရုတ်(တိုင်ပေ)မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၌ တွေ့ရစဉ်။

**ပြန်လည်ရောက်ရှိ**

ထို့ပြင် ဗီယက်နမ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရ သည့် မြန်မာသင်္ဘောသား ၁၄၅ ဦးအား ဟန္နိုင်းမြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသား လုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင် ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အလားတူ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့ နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာ သံရုံးနှင့် မြန်မာသင်္ဘောသားများ အလှည့်ကျဝန်ထမ်း ပြောင်းလဲခြင်း အကူအညီပေးရေးဗဟိုကော်မတီ (CCSC) တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည် ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယား သမ္မတနိုင်ငံမှ ၈၈ ဦး၊ အိန္ဒိယမှ တစ်ဦး၊ စင်ကာပူမှ ငါးဦး၊ သြစတြေးလျမှ နှစ်ဦး၊ မနီလာမှ တစ်ဦး၊ ဖိလစ်ပိုင်မှ တစ်ဦး၊ ပနားမားမှ နှစ်ဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၂၅ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ် များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြ သည်။

**ညှိနှိုင်းဆောင်ရွက်**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုး ဘက်စုံထောင့်စုံ ဆောင်ရွက်ကြမည့် တတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရည်မှန်းချက်များ

သတင်းအင်တာဗျူး
မျိုးမင်းနိုင်
ဓာတ်ပုံ- ဟိန်းမင်းစိုး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ ယခုအခါ ရောက်ရှိနေကြပြီဖြစ်သည်။

တတိယအကြိမ် လွှတ်တော်အတွက် ယခင် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ပါဝင်လာသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်အသစ်များလည်း ထပ်မံပါရှိလာကြသည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အနာဂတ်ကာလ၌ ပြည်သူ့အတွက် ဆောင်ရွက်မည့် ၎င်းတို့၏ ရည်မှန်းချက်များအား တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။


ဦးခင်ချို


ဦးအေးလွင်


ဦးညွန့်ဝင်း(ခ)ဆလိုင်းမင်းညို


ဦးဘိုကြီး


ဦးကျော်မင်းဦး

**ဦးခင်ချို (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လှိုင်းဘွဲမြို့နယ်)**

ပြီးခဲ့တဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံးကြိုးစားခဲ့တယ်။ မေးခွန်းတွေဆိုရင်လည်း တစ်နိုင်ငံလုံးနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို မေးခဲ့တယ်။ ဒေသနဲ့ပတ်သက်တာတွေကတော့ ကြယ်ပွင့်မပြဘဲ မေးခဲ့တယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှာ ကြယ်ပွင့်ပြမေးခွန်း ၅၀ နဲ့ ကြယ်ပွင့်မပြမေးခွန်း ၁၀၀ ကျော်မေးခဲ့တယ်။ ပြည်ထောင်စုလွှတ်တော်မှာတော့ ဘတ်ဂျက်နဲ့ပတ်သက်တာတွေ၊ ချေးငွေနဲ့ပတ်သက်တာတွေကို ဆွေးနွေးတာ အကြိမ်ရေ ၄၀၀ ကျော်လောက် ရှိပါတယ်။

ဒီလိုပါပဲ လာမယ့်ငါးနှစ်အတွင်းမှာ နိုင်ငံကတော့ ပြုပြင်ပြောင်းလဲစရာတွေ၊ လုပ်စရာတွေ အများကြီးရှိတယ်။ အရေးကြီးတဲ့ကဏ္ဍကို စဉ်းစားတာပေ့ါ။ နံပါတ် (၁) အနေနဲ့ အလုပ်လက်မဲ့ပြဿနာဖြစ်ပါတယ်။ ဒီပြဿနာတွေကို ပြီးခဲ့တဲ့သက်တမ်းမှာလည်း အဆိုအနေနဲ့ တင်ခဲ့တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ အလုပ်လက်မဲ့ပြဿနာဆိုတာ ပါးစပ်နဲ့ ပြောတာက လွယ်တယ်။ တကယ် လုပ်မယ်ဆိုရင် ပညာရေးကဏ္ဍကနေစပြီး ပြုပြင်ရမှာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဒီပြဿနာကို နံပါတ် (၁) ဦးစားပေးအနေနဲ့ လုပ်ချင်တယ်။ နံပါတ် (၂) က အခြေခံလူတန်းစားဖြစ်တဲ့တောင်သူလယ်သမားတွေရဲ့ ဘဝက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကနေ အခုထိ ဘာမှသိပ်မထူးခြားသေးဘူး။ မထူးခြားတဲ့အပြင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်လို နေရာမျိုးမှာဆိုရင် လယ်စိုက်မယ့် တောင်သူမရှိတော့ဘူး။ ဒါကြောင့် လယ်သမားတွေအနေနဲ့ ဒီလယ်တွေကို ပြန်ပြီးအသုံးချစိုက်ပျိုးနိုင်အောင် ဘယ်လိုလုပ်မလဲဆိုပြီး အဲဒီကဏ္ဍကို ဦးစားပေးပြီးလုပ်ချင်ပါတယ်။

ကျန်တဲ့အချက်ကတော့ ဝန်ထမ်းပေ့ါ။ ဖွဲ့စည်းပုံအရ ဌာနဆိုင်ရာဝန်ထမ်းတွေက အများကြီးဖြစ်နေတယ်။ ကျွန်တော် စာရင်းစစ်လုပ်ခဲ့တုန်းက ဦးစီးဌာနတွေမှာ လုပ်ရမယ့် အလုပ်ပမာဏနဲ့ ထမ်းဆောင်ရမယ့်ဝန်ထမ်းအင်အားက ပိုနေတယ်။ တချို့ဌာနကျတော့ အဲဒီလို မဟုတ်ဘူး။ ဝန်ထမ်းအင်အားကနည်းပြီး လုပ်ငန်းပမာဏကများတယ်။ ဝန်ထုပ်ဝန်ပိုးတွေဖြစ်ပြီးတော့ မနိုင်မနင်းတွေဖြစ်တယ်။ ဒါကြောင့် ဝန်ထမ်းတွေမမျှမတဖြစ်နေတဲ့ဌာနတွေမှာ ဝန်ထမ်းအင်အားချင့်ချိန်နိုင်အောင် ပြန်ပြီးတော့ဆောင်ရွက်ဖို့အတွက် အစိုးရကို တိုက်တွန်းတာတွေကို လုပ်ချင်တယ်။ ဒီအချက်သုံးချက်က ဒီနိုင်ငံရဲ့ အဓိကအကျဆုံး အချက်တွေလို့ မြင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ထမ်းအဖွဲ့အစည်းဆိုတာ နိုင်ငံရဲ့ယန္တရားဖြစ်ပါတယ်။ နိုင်ငံ့ယန္တရားကောင်းမှ နိုင်ငံတိုးတက်မယ်။ နောက်ပြီး အခြေခံလူတန်းစားဖြစ်တဲ့ လယ်သမားဘဝတွေ တိုးတက်ပြီး ချမ်းသာမှ တိုင်းပြည်က ချမ်းသာမယ်။ ဒါနဲ့ ဆက်စပ်ပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းနိုင်မယ်။ ကိုယ့်နိုင်ငံကသူတွေ သူများနိုင်ငံမှာ အလုပ်လုပ်နေတာတွေ၊ အခက်အခဲဖြစ်တာတွေ ဒါတွေလည်း ပပျောက်သွားမှာဖြစ်တယ်။

ပြည်သူကို သတင်းစကားပါးချင်တာက ရွေးကောက်ပွဲကာလမှာလည်း နယ်တွေကို ဆင်းခဲ့တယ်။ လက်ရှိအနေအထားမှာကတော့ ကိုဗစ်ပေ့ါ။ ကိုဗစ်ရောဂါကို တစ်ဦးချင်းကာကွယ်နိုင်ရင် ဒါဟာ တစ်နိုင်ငံလုံး ကာကွယ်ပြီးသားဖြစ်သွားတာပေ့ါ။ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ဖို့လည်း အစိုးရက တတ်နိုင်သမျှ ဆောင်ရွက်ပေးနေတယ်။ လက်ရှိမှာ ထားဝယ် စီးပွားရေးဇုန်ကိုလည်း မြှင့်တင်ဖို့ကြိုးစားနေတယ်။ သီလဝါစက်မှုဇုန်ကိုလည်း မြှင့်တင်နေတယ်။ ရေးမြို့နယ်ဘက်မှာလည်း ထပ်လုပ်ဖို့ စီမံကိန်းရှိတဲ့အတွက် အလုပ်လက်မဲ့ပြဿနာနဲ့ပတ်သက်ပြီး အများကြီးဆောင်ရွက်ပေးနိုင်မှာပါ။ ပြည်သူတွေကလည်း ဒီအချိန်မှာ နိုင်ငံ့ရဲ့ အနေအထားအရ ကြိုးစားဆဲဆိုတော့ ဒီအပေါ်မှာ ဝိုင်းပြီးတော့ ကူညီဖို့၊ အားပေးကြဖို့ ပန်ကြားချင်ပါတယ်။

**ဦးအေးလွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒဂုံမြို့သစ်တောင်ပိုင်း)**

ကျွန်တော်က ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှာလည်း လွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ဖူးပါတယ်။ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှာ ကော်မတီအတွင်းရေးမှူးဖြစ်တဲ့အခါကျတော့ ဥပဒေတွေလည်း ပြုပေးနိုင်ခဲ့သလို နယ်မြေကွင်းဆင်းမှုတွေနဲ့ ဝန်ကြီးဌာနကို စောင့်ကြည့်တည့်မတ်တဲ့ အလုပ်တွေကို လုပ်ခဲ့ပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံးနဲ့ဆိုင်တာပေ့ါ။ ကျွန်တော်တို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် အများကြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထူးခြားတာကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ မြို့နယ်မှာ အစိုးရ စက်မှုလက်မှုသိပ္ပံ(ဒဂုံတောင်) ကို တည်ဆောက်ပြီးစီးသွားပြီး မကြာမီမှာ ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ မြို့နယ်အတွက် ဆေးရုံတိုးချဲ့မှုတွေ၊ မြစ်ကူးတံတားတည်ဆောက်တာတွေ ရှိတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာ၊ စာသင်ကျောင်းပိုင်းဆိုင်ရာတွေမှာလည်း အများကြီးတိုးတက်မှုတွေ ရှိပါတယ်။ လွှတ်တော်နားရက်မှာ မဲဆန္ဒရှင်ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါတယ်။ အဲဒီအခါ ပြည်သူလူထုရဲ့ တင်ပြတောင်းဆိုမှုတွေကို သိရှိပြီး လွှတ်တော်ကတစ်ဆင့် တင်ပြတောင်းဆိုပေးမှုတွေ လုပ်ပေးခဲ့ပါတယ်။

ဒီလွှတ်တော်ကာလမှာလည်း တွေ့ဆုံပွဲတွေမှာ ပြည်သူလူထုရဲ့ တင်ပြတောင်းဆိုမှုတွေကို လွှတ်တော်ကတစ်ဆင့် ဆက်လက်ပြီးတော့ တင်ပြတောင်းဆိုပေးသွားမှာဖြစ်သလို ပေးအပ်လာတဲ့တာဝန်တွေကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားဖို့ အဆင်သင့်ရှိနေပါတယ်။

**ဦးညွန့်ဝင်း(ခ)ဆလိုင်းမင်းညို (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကန်ပက်လက်မြို့နယ်)**

ကျွန်တော်က ပြီးခဲ့တဲ့ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီး အနိုင်ရခဲ့လို့ လွှတ်တော်ကိုယ်စားလှယ် တာဝန်စတင်ထမ်းဆောင်ခဲ့တာပါ။ ဒီနှစ်နှစ်တာကာလအတွင်း လွှတ်တော်ထဲမှာ တိုက်တွန်းကြောင်းအဆို သုံးခုတင်ခဲ့ပါတယ်။ တစ်ခုကိုတော့ ကိုယ်တိုင်မတင်သွင်းတော့ဘဲ ပြန်လည်ရုပ်သိမ်းခဲ့တယ်။ မေးခွန်းအနေနဲ့ ကြယ်ပွင့်မပြမေးခွန်း ၅၀ ကျော် မေးမြန်းခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခု မေးခဲ့ပါတယ်။ ဆွေးနွေးမှုကတော့ (၁၀) ကြိမ် ဆွေးနွေးနိုင်တယ်။ ပြီးခဲ့တဲ့ လွှတ်တော် နှစ်နှစ်တာအတွင်းမှာ တကယ်တက်ရောက်ရတဲ့ ကာလက တစ်နှစ်ကျော်ကျော်လောက်ပဲရှိတယ်။ အဲဒီကာလကြားထဲမှာတော့ တတ်အားသရွေ့ ဆောင်ရွက်ခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာကလည်း အားလုံးကိုကျွမ်းကျင်ဖို့ဆိုတာထက် သင်ယူရမယ့်အရာတွေ အများကြီးရှိတယ်လို့ ခံယူပါတယ်။

ဒီလွှတ်တော်ကာလမှာ ကျွန်တော်က တိုင်းရင်းသားကိုယ်စားလှယ်ဖြစ်တဲ့အတွက် တိုင်းရင်းသားရေးရာတွေဘက်မှာ အဓိကအားစိုက်ပြီး ဆောင်ရွက်ချင်တယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်က ကျွန်တော်တို့မြန်မာပြည်အတွက် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွေမှာပဲဖြစ်ဖြစ်၊ စည်းလုံးညီညွတ်မှုအပိုင်းမှာပဲဖြစ်ဖြစ် အဟန့်အတားဖြစ်စေတဲ့အရာတွေ ဖြစ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ကျွန်တော်တို့မြန်မာပြည်အတွက် သင်ခန်းစာယူစရာနဲ့ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ အဓိကအကြောင်းရင်းကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ တစ်ဖက်မှာကြည့်ရင်လည်း တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီးဖြစ်ဖြစ်၊ တိုင်းရင်းသားတွေ လိုလားတောင့်တမှုနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ယခုလွှတ်တော်သက်တမ်းမှာ NLD ပါတီအနေနဲ့ အများကြီး လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။ ထိုနည်းတူစွာ ကျွန်တော်တို့ ပါတီအကြီးအကဲတွေ တိုင်းရင်းသားပါတီတွေနဲ့ တွေ့ဆုံတဲ့ရလဒ်တွေအပေါ်မှာပဲ အခြေခံပြီး ငါးနှစ်တာကာလအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တိုင်းရင်းသားအရေးတွေမှာ အဘက်ဘက်ကနေ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခံယူပါတယ်။

ပြည်သူတွေက ကျွန်တော့်ရဲ့ဆောင်ရွက်ချက်တွေကို အမြဲစောင့်ကြည့်နေမှာပါပဲ။ ဒီမိုကရေစီဆောင်ပုဒ်အတိုင်းပဲ ပြည်သူက ရွေးချယ်ပေးလိုက်တဲ့ ဒီနေရာဟာ ပြည်သူ့နေရာဖြစ်တယ်။ ပြည်သူ့အသံကို နားထောင်ဖို့လိုတယ်။ အောက်ခြေက ပြည်သူရဲ့ လိုအပ်ချက်တွေကို အဘက်ဘက်ကနေ ကိုယ်စားပြုထမ်းဆောင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူနဲ့ချိတ်ဆက်မှုဟာ အရေးကြီးတယ်။ ဒီတော့ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ကိုယ်စားလှယ်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ကြဖို့ ပြောကြားလိုပါတယ်။ မိမိရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်အနေနဲ့ ဒေသဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အဘက်ဘက်ကနေ ပြည်သူ့လိုအပ်ချက်တွေကို ကျွန်တော့်အနေနဲ့ လွှတ်တော်အတွင်း အတတ်နိုင်ဆုံး ဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**ဦးဘိုကြီး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ချောက်မြို့နယ်)**

ကျွန်တော့်အနေနဲ့ လွှတ်တော်အတွင်းမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေး အလေးထားဆောင်ရွက်မှာ ဖြစ်သလို ကျွန်တော်က စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းဆိုတော့ စီးပွားရေးတိုးတက်ဖို့အတွက်လည်း တိုင်းပြည်အတွက် အရေးကြီးတယ်လို့ မြင်ပါတယ်။ ပြည်သူတွေ စားဝတ်နေရေး အဆင်ပြေဖို့လည်း အဓိကကျပါတယ်။ ကျွန်တော်က ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းမှာ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ငွေစာရင်းပူးပေါင်းကော်မတီမှာ ပါပါတယ်။

တိုင်းပြည်စီးပွားရေး တိုးတက်ဖို့အတွက် ဘတ်ဂျက်တွေရေးဆွဲတာကို စိစစ်ရပါတယ်။ ဘတ်ဂျက်တွေ ရေးဆွဲအတည်ပြုပြီး သုံးစွဲတဲ့အခါမှာလည်း မှန်မှန်နဲ့သုံးစွဲဖို့အတွက် စစ်ဆေးရပါတယ်။ အဆိုပြုရတယ်။ အဲဒီတော့ ဘတ်ဂျက်ရေးဆွဲတာ၊ သုံးစွဲတာတွေကို အဓိကထားပြီး အဆိုတွေတင်တယ်၊ ဆွေးနွေးတယ်။

Other Account တွေကို ခေတ်နဲ့မလျော်ညီတော့တဲ့အတွက် ဖျက်သိမ်းဖို့ အဆိုတင်တယ်။ ဒါတွေလည်း အောင်မြင်ခဲ့တယ်။ ပြည်ထောင်စု လွှတ်တော်မှာဆိုရင်လည်း ပြည်ပချေးငွေနဲ့ပတ်သက်ပြီးဆွေးနွေးတယ်။ ပြည်ပချေးငွေက တိုင်းပြည်အတွက်အရေးကြီးတယ်။ ကျွန်တော်တို့ခေတ်ကျတော့ ချေးငွေမချေးလို့မရဘူး။ တိုင်းပြည်မှာ ဘတ်ဂျက်က အပြည့်အဝမရှိတာကြောင့် ပြည်ပချေးငွေလိုတယ်။ ချေးတဲ့နေရာမှာလည်း နိုင်ငံအတွက် ပြန်ရမယ့်၊ အကျိုးရှိမယ့်ချေးငွေတွေကို ချေးစေချင်တယ်။ ဝင်ငွေပြန်ရမယ့်ချေးငွေတွေဆိုရင် ကျွန်တော် ထောက်ခံတယ်၊ ချေးစေချင်တယ်။ နောက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကိုလည်း အကျိုးရှိမယ့်ချေးငွေတွေ ချေးဖို့ တိုက်တွန်းတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေတွေကိုလည်း ကျွန်တော်တို့ပြင်ခဲ့တယ်။ ဘာလို့လဲဆိုရင် အခွန်နဲ့ပတ်သက်ပြီး နှစ်ချုပ်စာရင်းတွေကို ပြင်ပ Audit က စစ်တယ်။ စစ်ပြီးတော့ အတည်ပြုတယ်။ အဲဒါကြောင့် ကျွန်တော်တို့က လိုအပ်ရင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ပေးပါ။ ဘာလို့လဲဆိုရင် အခွန်တွေက စစ်မှလည်း မှန်မှန်ကန်ကန်ဖြစ်လာမယ်။ လာမယ့် လွှတ်တော်သက်တမ်းငါးနှစ်မှာလည်း ဒါတွေကိုကြိုးစားပြီး လုပ်သွားမယ်လို့ ပြောကြားလိုပါတယ်။

**ဦးကျော်မင်းဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မင်းတုန်းမြို့နယ်)**

ကျွန်တော်တို့ဒေသက တောင်သူလယ်သမားများတဲ့အတွက် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာစိတ်ဝင်စားပါတယ်။ ကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ရွေးချယ်ခံထားတာကြောင့် ရွေးကောက်ပွဲကြေညာစာတမ်းကို အခြေခံပြီးတော့ အဲဒီမူဘောင်ထဲကနေ ကြိုးစားသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❐

# တီဗွီကြော်ငြာခရီးအစ

ဘုန်းဝေ (စာရေးဆရာ/ဒါရိုက်တာ)

၁၉၉၀ ပြည့်နှစ်က ဖြစ်ပါတယ်။

အဲဒီတုန်းက အခေါ်အဝေါ်မှာ "မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန" ဖြစ်ပါတယ်။ အဲဒီထက်ခပ်စောစောပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတော့ "ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန"ဖြစ်ပါတယ်။

၁၉၈၅ ခုနှစ် မတ်လ ၁ ရက်နေ့ကစပြီး ကျွန်တော်ဟာ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနမှာ "ကင်မရာဆရာလက်ထောက်" အဖြစ် "ဝန်ထမ်း" စတင်ခန့်ထားခြင်း ခံရပါတယ်။ ဗီဒီယိုတိပ်အယ်ဒီတာ လုပ်ရပါသေး့ပေါ့။ ၁၉၈၇ ခုနှစ်မှာ "ရုပ်ရှင်လုပ်ငန်းအတတ်ပညာသင်တန်းက တစ်နှစ်ကြီး/ ငယ်ပညာသင်ယူခဲ့ရတဲ့ အကြီးတန်းကင်မရာဆရာ ဦးဟန်မြင့်နဲ့တွဲပြီး ဗီဒီယိုရုပ်ရှင် ဇာတ်ကားလေးတစ်ကား ရိုက်ကူးဖြစ်ခဲ့ကြပါတယ်။ ရုံးအားချိန်တွေမှာ ရိုက်ကြရတယ်ပေါ့ဗျာ"။ "ဟိုအပျိုကြီးရဲ့ လန်ဒန်မြေပဲယို" ဆိုတဲ့ ဇာတ်ကားလေးပါဗျ။ သရုပ်ဆောင်တွေက "ဇာဂနာ၊ အရိုင်း၊ သန်းသန်းစိုး၊ ဆင့်ဆင့်လှိုင်နဲ့ ဦးပလာတာ၊ ဒေါ်ခင်လေးဆွေ၊ မတူး၊ တက္ကသိုလ်ဂွမ်းပုံတို့ အဓိကပါဝင်သရုပ်ဆောင်ကြပါတယ်။

ဆိုလိုချင်တာကတော့ ဌာနမှာ ကင်မရာဆရာ၊ ဗီဒီယိုတိပ် အယ်ဒီတာဖြစ်နေပေမယ့် ရုပ်ရှင်ပညာကျောင်းဆင်းတွေဖြစ်နေတာကြောင့် ပြင်ပဗီဒီယိုလောကမှာ "ဒါရိုက်တာ" ဇာတ်ညွှန်းရေးဆရာတွေ လုပ်နိုင်ကြတယ်ဆိုတဲ့ အကြောင်းပါ။ ဇာတ်လမ်းဇာတ်ညွှန်းက ဦးရဲထွဋ်(ဇာတ်ခုံမန်နေဂျာ) ကဗျာဆရာ သန်လျင်မောင်ဝင်းဝါ ဖြစ်ပါတယ်ဗျ။

ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်စသူတို့ဟာ အနုပညာတာဝန်တွေဖြစ်ကြပြီး ထုတ်လုပ်သူ၊ ကင်မရာဆရာ၊ အယ်ဒီတာစသူတို့ဟာ အနုပညာနဲ့ ဆက်သွယ်နေတဲ့ ဌာနရာထူးတာဝန်များဖြစ်ကြပါတယ်။

ဒါကြောင့်လည်း မြန်မာ့ရုပ်မြင်သံကြားဌာနမှာ အငယ်တန်းကင်မရာဆရာဖြစ်လာပြီး ဗီဒီယိုတိပ်အယ်ဒီတာ လုပ်နေတဲ့ ကျွန်တော်ဦးဖုန်းဝေ (ဘုန်းဝေ)ဟာ အသံသရုပ်ဆောင်/ဇာတ်လမ်း ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ ကဗျာဆရာဆိုတဲ့ အနုပညာအလုပ်တွေကို ပူးတွဲလုပ်ဆောင်နေလေ့ရှိပါတယ်။ ဝါသနာအရ လုပ်ဆောင်တဲ့ ဖန်တီးမှုအနုပညာနဲ့ တာဝန်အရ လုပ်ဆောင်ရတဲ့ ဖန်တီးမှုအလုပ်တွေကို ဘယ်ဟာမှ မလျော့စေဘဲ တာဝန်ကျေအောင် ဆောင်ရွက်တတ်သူဖြစ်ပါတယ်။ (ကြွားတယ်လို့ မထင်ကြစေလိုပါဗျာ၊ လုပ်ခဲ့တာလေးတွေ ရေးပြတာပါဗျ)

အဲဒီတော့ "မြန်မာ့ရုပ်မြင်သံကြား"ဆိုတာ "ရုပ်ရှင်အတတ်ပညာသင်တန်းက ကျောင်းဆင်းကျောင်းသားကျောင်းသူတွေနဲ့ မော်ကွန်းရုပ်ရှင်က အယ်ဒီတာ/ကင်မရာဆရာတွေကို အသံလွှင့်ပညာ တတ်ကျွမ်းနားလည်တဲ့ ရေဒီယိုဘက်က (မြန်မာ့အသံဘက်မှ) ပညာရှင်တွေ ပေါင်းစပ်ပြီး တည်ထောင်ထားတာဖြစ်လေတော့ ရုပ်မြင်သံကြား ခေတ်ဦးမှာ ပါဝင်လုပ်ဆောင်ခဲ့ရဖူးတာကို ဂုဏ်ဖော်ရေးသားရတာပါဗျ။ လူ့ဘဝရောက်လာတုန်း တိုက်တွေ၊ ကားတွေ၊ မြေတွေ၊ အိမ်တွေ မရှိရှာလေတော့ ရှိတာလေး ဂုဏ်တင်ရေးသားရတာဖြစ်ပါတယ်ဗျာ။

ကျွန်တော်က ပြင်ပရိုက်ကူးရေးနဲ့ Indoor (စတူဒီယိုတွင်း) ရိုက်ကူးရေးတွေက ထွက်လာတဲ့ အကြမ်းထည်တွေကို "တည်းဖြတ်"ရတဲ့ ဗီဒီယိုတိပ်အယ်ဒီတာဖြစ်ပေမယ့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပြီးတော့ ဌာနဝန်ထမ်း ၇၅ ယောက်လောက် အလုပ်ထုတ်ခံလိုက်ရလို့ တာဝန်တွေကို တစ်ဆင့်တိုးပြီး ယူကြရပါတယ်။ အစီအစဉ်ထုတ်လုပ်ရေးတာဝန်လို့ ပြောကြပါစို့ရဲ့။ အဲဒီတာဝန်ယူကြရပေမယ့် လစာငွေကတော့ (၃၂၀-၂၅-၄၄၀)စကေးပဲ ရပါတယ်ဗျ။

အဲဒီမှာ ကျွန်တော့်ဆရာ ဦးကိုကိုကြီး ရုပ်မြင်ညွှန်ကြားရေးမှူး (ကိုကြီးရုပ်မြင်)က ပြောလာပါတယ်။ "ကိုဘုန်းဝေက အပြင်မှာ ဗီဒီယိုကားတွေရိုက်ပြီး ဌာနအတွက်လည်း ရိုက်ပေးဦးပေါ့ဗျာ"ဆိုလာလေတော့ ဇာတ်လမ်းထုတ်လုပ်ရေးတာဝန်တွေကို တစ်ဆင့်မြှင့် ဆောင်ရွက်ရပါတယ်။ အဲဒီတော့ ပညာရှင်ရှားပါးတဲ့အချိန်မှာ အရာရှိမဟုတ်ပါဘဲ ဆင့်ကဲကြီးလေးတဲ့တာဝန်တွေကို ကျွန်တော်ယူခဲ့ရတာ ဖြစ်ပါတယ်ဗျ။

အဲဒီလိုနဲ့ "ထုတ်လုပ်မှုဒါရိုက်တာ"ဆိုတဲ့ စာတန်းကိုလည်း မြန်မာပြည်မှာ ကျွန်တော်ပထမဆုံး တပ်ခဲ့ရတာ ဖြစ်ပါတယ်။ (ဒီအကြောင်းကို သီးခြားရေးခဲ့ဖူးလို့ အကျယ်မရေးတော့ပါ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဝန်ထမ်းတွေရဲ့ အနုပညာနာမည်သုံးစွဲခွင့် မရရှိခဲ့ပါ။ သတင်းကြေညာသူတွေကလွဲလို့ပေါ့။ (အဲဒီနာမည်လေးတပ်ဖို့က လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်ဆီ စာတင်ပြ လက်မှတ်ရေးထိုးခဲ့ရတာပါဗျ။ ထောက်ခံပေးသူက ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးတပ်က ဂျီတူးဖြစ်တဲ့ ဗိုလ်မှူးမောင်မောင်ဦး (စာရေးဆရာ/ဒါရိုက်တာ တင်သန်းဦး ဖြစ်ပါတယ်။)

အဲဒီတော့ ကျွန်တော်က စစ်အစိုးရခေတ် ဝန်ကြီးနှစ်ဆက်လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ရတာပါ။ ကျွန်တော်ပြောလိုတဲ့ ခေါင်းစဉ်က အခုမှစပ့ါမယ်။ တီဗွီကြော်ငြာခရီးအစ ဆိုကြပါစို့။




> **"နီလာအလှပြင်ခန်းမ" ကြော်ငြာနဲ့ "နာရီပြင်ဆိုင်" ကြော်ငြာတို့ကို ပထမဆုံးအကြိမ် ရိုက်ကူးပေးခဲ့ရပါသဗျ။ ရိုက်ကူးခကတော့ ရုံးဌာနက တာဝန်ဖြစ်တဲ့အတွက် ဘာမှမရခဲ့ပါဘူး။ ဘဝမှာ ပထမဆုံးရိုက်ကူးရဖူးတဲ့ တီဗွီကြော်ငြာလေးဖြစ်ပေသမို့ ပြန်တွေးကြည့်ရင်တော့ လွမ်းစရာပဲပေါ့ဗျာ။**

၁၉၉၀ ပြည့်နှစ်ဟာ စစ်အစိုးရခေတ်မှာ နိုင်ငံရေးအရ ရွေးကောက်ပွဲ ကျင်းပပေးတဲ့နှစ်ဖြစ်ပြီး စီးပွားရေးအရ ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ပြောင်းလဲတဲ့နှစ် ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်ရဲ့ ဇွန်လလို့ ထင်ရတဲ့တစ်နေ့မှာ "ကျွန်တော်တို့ ရုပ်မြင်သံကြားဌာနက ထုတ်လုပ်ရေးမှူးတွေကို ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က အစည်းအဝေးခေါ်ပါတယ်။ ကျန်တဲ့ P.D အတော်များများ တက်ကြရပါတယ်။ ဂီတထုတ်လုပ်ရေးမှူး၊ အကဇာတ်သဘင်ထုတ်လုပ်ရေးမှူး၊ အစီအစဉ်ထုတ်လုပ်ရေးမှူးတွေ အကုန်ပါဝင်ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ဝန်ကြီးက ဘာပြောလာသလဲဆိုတော့ **"ကျွန်တော်တို့နိုင်ငံဟာ ဆိုရှယ်လစ် စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးတော့မှာဖြစ်တဲ့အတွက် စီးပွားရေးပြိုင်ဆိုင်မှုတွေမှာ တကယ့်အခန်းကဏ္ဍတစ်ခုဖြစ်တဲ့ တီဗွီကြော်ငြာတွေရိုက်ကူးပေးကြဖို့ တာဝန်ပေးချင်တာ ဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ ဌာနတာဝန်ခံအရာရှိတွေက စီစဉ်ပေးကြပါလိမ့်မယ်"**တဲ့။ ကျွန်တော်က အဲဒီစကားလောက်ပဲ မှတ်မိပါတယ်။

အဲဒီအစည်းအဝေးပြီးတဲ့နောက် ကြော်ငြာတွေရဲ့ အခြေခံယူနစ်၊ ကြာမြင့်ချိန်၊ လွှင့်ရမယ့်ဈေးနှုန်း စတာတွေကိုတော့ ကျွန်တော်တို့ဌာနကလူကြီးတွေ သတ်မှတ်ကြတာ ဖြစ်ပါတယ်။ နောက်တစ်ပတ်လောက်နေတော့ ကြော်ငြာရိုက်ကူး ထုတ်လုပ်ပေးဖို့ ညွှန်ကြားလာပါတယ်။ ကြော်ငြာတစ်ခုရဲ့ ကြာမြင့်ချိန်က ၁၀ စက္ကန့်မှ စက္ကန့် ၆၀အထိ ဖြစ်ပြီး လွှင့်ခကတော့ ၁၀စက္ကန့်တစ်ကြိမ် ငွေ ၆၀၀ ကျပ်နှုန်း ဖြစ်ကြောင်းသိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တီဗွီဌာနက ကြော်ငြာတွေ ထုတ်လွှင့်ပေးကြတော့မယ့်အကြောင်း ကြေညာကြရသပေါ့ဗျာ။

ကျွန်တော်တို့ ထုတ်လုပ်ရေးမှူး တာဝန်ယူထားရသူတွေကိုလည်း နမူနာကြော်ငြာတွေ ရိုက်ကူးထုတ်လုပ်ပေးကြဖို့ တာဝန်ပေးလာတာကြောင့် အခုစီးပွားကူးသန်း (ယခင်က ကုန်သွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်း)ဖြစ်တဲ့ "နီလာအလှပြင်ခန်းမ" ကြော်ငြာနဲ့ "နာရီပြင်ဆိုင်" ကြော်ငြာတို့ကို ပထမဆုံးအကြိမ် ရိုက်ကူးပေးခဲ့ရပါသဗျ။ ရိုက်ကူးခကတော့ ရုံးဌာနက တာဝန်ဖြစ်တဲ့အတွက် ဘာမှ မရခဲ့ပါဘူး။ ဘဝမှာ ပထမဆုံးရိုက်ကူးရဖူးတဲ့ တီဗွီကြော်ငြာလေးဖြစ်ပေသမို့ ပြန်တွေးကြည့်ရင်တော့ လွမ်းစရာပဲပေါ့ဗျာ။ ကြော်ငြာအပ်သလိုရိုက်ရတာမဟုတ်ဘဲ ကုန်သွယ်ရေးဝန်ကြီးဌာနက လုပ်ဆောင်တဲ့ အမျိုးသမီးအလှပြင်ခန်းမကို ရိုက်ကူးပေးခဲ့ရတာ ဖြစ်ပါတယ်။ (ကြော်ငြာအပ်ရင် လုပ်ငန်းရှင်က လိုအပ်တာတွေ ဆောင်ရွက်ပေးတယ်လေ။အခုဟာက တာဝန်ပါ။)

ကျွန်တော်က စာရေးတာ၊ ကဗျာစပ်တာ ဝါသနာပါသူဖြစ်လေတော့ တစ်မိနစ်စာ ကြော်ငြာကလေးမှာ ရိုးရိုးစကားပြောအသံ မသွင်းတော့ဘဲ ကြော်ငြာကဗျာကလေးစပ်ပြီး ရွတ်ဆိုအသံသွင်းပေးခဲ့ပါတယ်။ စာထဲမှာ ဖြစ်လေတာကြောင့် ... ကျွန်တော့်အသံကို စိတ်ကူးနဲ့ပဲ နားထောင်ကြည့်ပေးကြပါဗျာ။

ဆံပင်ကောက်၊ ဆံပင်ညှပ်
မိတ်ကပ်၊ အလှပြင်၊ ဆံပင်၊ တင်၊ ရင်၊ အလှ
စိတ်တိုင်းကျ လှချင်ရင်
"နီလာ" အလှပြင်ခန်းမကိုကြွ
ဆူးလေဘုရားလမ်းမမှာရှိတယ်နော်။

အမှတ်(---)၊ စနေ/တနင်္ဂနွေတိုင်းဖွင့်ပါတယ်။ ဒါက ကျွန်တော်ရိုက်ကူးခဲ့ရတဲ့ အစိုးရဌာနကဖွင့်တဲ့ အလှပြင်ခန်းမ တီဗွီကြော်ငြာရဲ့ နောက်ခံအသံသွင်းခဲ့တဲ့ ကဗျာစာသားပါ။ ရုပ်ပုံတွေက အဲဒီအလှပြင်တဲ့အခါ သုံးတဲ့စက်ကိရိယာတွေပါပဲ။ ကျွန်တော်လည်း မသုံးဖူးတော့မသိပါဘူးဗျ။ အမျိုးသမီးတွေကတော့ သိပါတယ်။ ဘယ်လိုခေါ်လဲမသိ (အလှပြင်ပစ္စည်း)တွေလို့ပဲ ခေါ်လိုက်ပါတယ်။

အဲဒီကြော်ငြာက တစ်ပတ် နှစ်ရက်လောက်ပဲ လွှင့်ပါတယ်။ တစ်လလောက်လွှင့်ပြီး နောက်မလွှင့်တော့ပါဘူး။ လွှင့်ခမရလို့လားမသိဘူးလေ။ နမူနာရိုက်ကူးလွှင့်ထုတ်ပြရတဲ့ဟာကို ဝန်ကြီးကြည့်ပြီးရင် ပြီးသွားတာထင်ပါရဲ့။ နောက်တစ်ခုက ငွေသွင်းပြီး လွှင့်တဲ့ကြော်ငြာ။ သူက တစ်ပတ်ငါးရက်နဲ့ သုံးပတ်လောက်ဆက်တိုက်လွှင့်လိုက်တဲ့ ကြော်ငြာပါ။ " Joy စားတော်ဆက်" ဆိုင်ကြော်ငြာ။ ထုံးစံအတိုင်း နောက်ခံကဗျာနဲ့ပါပဲဗျ။

- မိသားစုထမင်းဝိုင်း ဂျိုင်း (Joy)
- မိတ်ဆွေများရဲ့စကားဝိုင်း Joy
- Joy မှာ စားမိ အရသာရှိ
  သွားကြည့်ဖို့တော့ လိုလိမ့်မယ်။

အမှတ် (– )၊ ကုက္ကိုင်းလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းထောင့် ရန်ကုန်မြို့။ ရုပ်ပုံကတော့ ဆိုင်ကရောင်းတဲ့ အစားအသောက်ပွဲကြီး/ပွဲသေး မျိုးစုံပါပဲ။ ရိုက်ပြီးတော့ ကျွန်တော်တို့ကို ကျွေးပါတယ်။ ကြော်ငြာရိုက်ခဆိုပါတော့။

၁၉၉၀ ပြည့်နှစ်က ကျွန်တော်ရိုက်ကူးခဲ့ရတဲ့ ကြော်ငြာနှစ်ခုပါ။ တစ်ခုက ပိုက်ဆံသွင်းပြီး လွှင့်ချိန်များတဲ့အတွက် လူသိတဲ့ကြော်ငြာတစ်ခုဖြစ်ခဲ့ရတယ်ဆိုတဲ့ အကြောင်း တီဗွီကြော်ငြာခရီးအစ ပြန်တွေးပြီး သတိရစွာနဲ့ တင်ပြလိုက်ရပါတယ်ဗျာ။ ။

❒ စာမျက်နှာ ၅ မှ

တောင်သူလယ်သမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တစ်ဖက်မှာလည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး အစုအဖွဲ့သစ်တောတွေကိုလည်း တိုးတက်အောင်လုပ်ရပါမယ်။ အထူးသဖြင့် စိုက်ပျိုးမှုနဲ့ ထုတ်လုပ်တဲ့အပိုင်းကို အဆင့်မြှင့်ဖို့လိုပါတယ်။

နည်းပညာတိုးတက်ဖို့၊ စပ်မျိုးကောင်းတွေ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ မြေဩဇာကိုလည်း ခေတ်မီပြီး ဓာတုကင်းလွတ်တဲ့ မြေဩဇာတွေလိုပါတယ်။ ဒါမျိုးတွေ လုပ်တတ်မှသာလျှင် တောင်သူလယ်သမားတွေရဲ့ ထုတ်လုပ်နိုင်မှုမြင့်တက်လာပြီး ထုတ်လုပ်တဲ့ ပစ္စည်းကလည်း အရည်အသွေးတွေမြင့်တက်လာပါမယ်။ ဒါမှ ကမ္ဘာ့ဈေးကွက်မှာ ရောင်းပန်းလှလာမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကတောင်သူတွေအတွက် ရာသီဥတုအခြေအနေကြောင့် စားဖို့လောက်ပဲ တချို့အဆင်ပြေတာပါ။ တကယ်စီးပွားဖြစ်ဖို့အတွက်ဆိုရင် သစ်တောကဏ္ဍတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့မင်းတုန်းမြို့နယ်က သစ်တောတွေ တော်တော်ထူထပ်တဲ့အတွက် ဒါတွေကိုအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီး ကောင်းကောင်းထိန်းသိမ်းနိုင်မယ်ဆိုရင် မင်းတုန်းမြို့ဟာ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။ မင်းတုန်းပြည်သူတွေကို လွှတ်တော်အသံ ပြည်သူ့အသံ၊ လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒ၊ ပြည်သူလူထုအကျိုး လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့အတွက်၊ ပြည်သူတွေက မိမိရဲ့အကျိုးအတွက် ဘာတွေလုပ်ပေးသင့်တယ်၊ ဘာတွေ ဖြစ်သင့်တယ်ဆိုတာကို ကျွန်တော်တို့ လွှတ်တော်ကပြီးလို့ ပြန်လာတဲ့အချိန်မှာ တင်ပြဖို့ အခုကတည်းက တွေးထားစေချင်ပါတယ်။ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသ အခက်အခဲတွေကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း နွေးနွေးထွေးထွေး တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးစေချင်ပါတယ်။ ပြည်သူကခိုင်းဖို့ ရွေးချယ်ခံထားရတဲ့အတွက် ဒီမိုကရေစီအစိုးရဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ ရဲရဲဝံ့ဝံ့ တင်ပြစေချင်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ကို ခိုင်းပါ။ ခိုင်းလည်း ခိုင်းစေချင်ပါတယ်။

**ဦးအောင်ဟိန်းမင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဖားကန့်မြို့နယ်)**

ကျွန်တော်တို့အနေနဲ့ ပါတီရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာပါတဲ့ အချက်တွေကိုပဲ အဓိက အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သီးခြားရွေးကောက်ပွဲ ကတိကဝတ်ပေးခဲ့တာတော့ မရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့ လုပ်သွားမယ့် လုပ်ငန်းစဉ်ကိုတော့ ကတိပေးခဲ့ပါတယ်။ ဘယ်လိုရလဒ်ရမယ်လို့တော့ ကတိမပေးခဲ့ပါဘူး။ ကျွန်တော်တို့ကိုယ်စားလှယ်တစ်ယောက်လုပ်ရမယ့် အခြေခံအကျဆုံးဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေးကတော့ ဦးစားပေးပြီးလုပ်ပါမယ်။ ကျွန်တော်နေတဲ့ ဖားကန့်ဒေသက အခွန်အခတွေ အများကြီးရနေပေမယ့် ဒေသဖွံ့ဖြိုးမှုကတော့ အားနည်းနေပါသေးတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲနေသေးတယ်။ ဒါတွေကိုဦးစားပေးလုပ်ဖို့ရှိတယ်။

ကျွန်တော်ကိုယ်တိုင်က လူငယ်ဖြစ်တဲ့အတွက် လူငယ်ကဏ္ဍကို ပီပီပြင်ပြင်ဖြစ်လာအောင် လူငယ်မူဝါဒရှိထားတဲ့အပေါ်မှာ သက်ဝင်အကောင်အထည် ဖော်နိုင်အောင် လုပ်သွားမှာပါ။ နောက်တစ်ချက်အနေနဲ့ သယံဇာတ တူးဖော်တဲ့နေရာမှာ ဥပဒေနဲ့အညီ စနစ်တကျတူးဖော်နိုင်အောင်နဲ့ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်စေဖို့ ဦးစားပေး အလေးထားပြီး သယံဇာတတူးဖော်တဲ့ပုံစံမျိုးဖြစ်အောင် တိုက်တွန်းသွားဖို့ရှိပါတယ်။



ဦးအောင်ဟိန်းမင်း

မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးကဏ္ဍမှာလည်း ဆောင်ရွက်ဖို့ရှိပါတယ်။ မူးယစ်ဆေးဝါးဆိုတာက တစ်ယောက်တည်းတစ်ဖွဲ့တည်းက တားဆီးနိုင်တဲ့အရာမဟုတ်ဘူး။ ဒါကြောင့် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်တယ်။ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးအတွက် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်းနဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်တဲ့အခါမှာ အစားထိုးတဲ့လုပ်ငန်းကလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် အားကစားကဏ္ဍတွေ ပီပီပြင်ပြင်ဖြစ်လာအောင် ဆောင်ရွက်သွားဖို့ စဉ်းစားထားပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်အဝေးမှာ ရောက်နေပေမယ့် ကျွန်တော့်ဒေသကို အမြဲနားစွင့်နေတယ်။ နောက်ပြီး အခက်အခဲရှိသမျှပြဿနာတွေကိုလည်း လူချင်းတွေ့မှမဟုတ်ဘဲ အဝေးမှာ ရောက်နေရင်လည်း တင်ပြဆက်သွယ်လို့ရပါတယ်။



ဦးမျိုးမင်းဦး

**ဦးမျိုးမင်းဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကံမမြို့နယ်)**

ကျွန်တော့်အနေနဲ့ ကိုယ့်မြို့နယ်ဖွံ့ဖြိုးရေးအတွက်ကတော့လုပ်သွားမှာဖြစ်ပါတယ်။ အဓိကတော့ ပြည်သူတွေ လိုအပ်နေတဲ့ အခြေခံစီးပွားရေးအဆောက်အအုံပေ့ါ။ လမ်း၊ တံတား၊ ကျန်းမာရေးတွေ၊ ပညာရေးတွေ ပြည့်စုံအောင်ဆောင်ရွက်မယ်။ ဒါကတော့ မေးခွန်းအနေနဲ့ သွားမှာပေ့ါ။ နောက်တစ်ခုက လျှပ်စစ်မီးနဲ့ အဓိကကျတဲ့အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်လို့ ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းအတိုင်း ဆက်လက်ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ဖွဲ့စည်းပုံပေါ်ပေါက်ရေးကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စွမ်းစွမ်းတမံဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားအရ ကဏ္ဍပေါင်းစုံမှာလိုအပ်ချက်တွေ ရှိနေပါတယ်။ ဒါကြောင့် ဘယ်ကဏ္ဍကို ဦးစားပေးမယ်ဆိုတာထက် ဖွံ့ဖြိုးရေးကတော့ ကဏ္ဍပေါင်းစုံလုပ်ရမယ်။ လမ်းပန်းဆက်သွယ်ရေးအပိုင်းဆိုရင်လည်း ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်းမှာ လုပ်ခဲ့လို့ မပြီးပြတ်သေးတာတွေရှိတယ်။ ကျေးလက်လမ်းတွေဆိုရင်လည်း မဖောက်လုပ်ရသေးတဲ့ ကျေးလက်လမ်းတွေ ဆက်ဖော်ဖို့လိုတယ်။ ဖောက်ပြီးသားကျေးလက်လမ်းတွေလည်း အဆင့်မြှင့်တင်ဖို့လိုတယ်။

ပညာရေး အပိုင်းကျတော့လည်း ပြောင်းလဲထားတဲ့ ပညာရေးစနစ်နဲ့အညီ လိုက်နိုင်အောင်၊ ပြည်သူကိုလည်း နားလည်အောင် ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ အခုပြောင်းလဲထားတဲ့ ပညာရေးစနစ်ကိုလည်း သဘောကျပါတယ်။ နောက်ပြီး ပြည်သူတွေအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုခံပိုင်ခွင့် အပြည့်အဝရဖို့အတွက် လိုအပ်တာတွေကို ကိုယ့်မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက မေးခွန်းမေးမြန်းပြီး အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားလို့ရပါတယ်။ အဓိကအလေးထားပြီး ဆောင်ရွက်ချင်တာက လူငယ်ကဏ္ဍဖြစ်ပါတယ်။ လူငယ်ဖွံ့ဖြိုးရေးတွေလုပ်ဖို့လိုတယ်။ လူငယ်တွေကို အကျိုးရှိတဲ့နေရာမှာ အချိန်ကုန်စေချင်တယ်။ လူငယ်အသင်းအဖွဲ့လေးတွေ ပေါ်ပေါက်လာအောင် ဆောင်ရွက်မယ်လို့ ရည်ရွယ်ပါတယ်။ ကျွန်တော့်အမြင်ကတော့ ပြည်သူတွေကို အခွင့်အလမ်းတွေ ဖွင့်ပေးဖို့ပဲလိုအပ်ပါတယ်။ ဒီလိုအခွင့်အလမ်းတွေဖွင့်ပေးလိုက်ရင် သူတို့ဘာသာသူတို့ လုပ်နိုင်တဲ့စွမ်းရည်ရှိတဲ့ ပြည်သူလူထုဖြစ်ဖို့ မျှော်လင့်ပါတယ်။ ။

# အင်းစိန်မြို့နယ်၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ဖြင့် အင်းစိန်မြို့နယ် စည်ပင်လမ်းတံတား အင်ဂျင်နီယာဌာနက တာဝန်ယူကြီးကြပ်ပြီး ခင်းကျင်းခဲ့သော အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ယခင်ကွန်ကရစ် ရွာလယ်လမ်းဟောင်းအား အရှည်ပေ ၂၈၈၀၊ အကျယ် ၁၆ ပေ၊ ၃ ခြောက်လက်မရှိ ကွန်ကရစ်ထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကွန်ကရစ်လမ်းသစ် လမ်းထိပ်မုခ်ဦးမဏ္ဍပ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ဋ္ဌင်းလမ်းသစ်ကြီးကို လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ မြို့နယ်စည်ပင် လမ်း၊ တံတားတာဝန်ခံ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများနှင့်အတူ လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၂၄**

ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံများ ပူးပေါင်းပါဝင်မှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အရှည်ပေ ၂၁၅၀ ရှိ ထားဝယ်ကျောင်းတိုက်ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦးနှင့် မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်သည့် မော်လမြိုင်၊ သံဖြူဇရပ်၊ ဘီးလင်း၊ မုဒုံ၊ ရေးနှင့် ကျိုက်မရောမြို့နယ်တို့တွင် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် လမ်း ၁၃ လမ်း၊ စုစုပေါင်းလမ်းအရှည်ပေ ၂၅၈၅၀ ကို ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကတ္တရာတန်ချိန် ၁၁၇ တန် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**






ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

**COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)**

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ပထမဆုံး တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန့်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# လက်ရှိအစိုးရ၏ လက်ကျန်ရက်ပေါင်း(၁၀၀)

**အောင်ထူး**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ရွေးကောက်ပွဲပြီးလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပြီးသတ် ကိုယ်စားလှယ်များစာရင်း ကြေညာပြီးဖြစ်တာကြောင့် ရွေးကောက်ပွဲမှာ အများဆုံးအနိုင်ရခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေနဲ့ အစိုးရဖွဲ့နိုင်ရေးကို ဆောင်ရွက်နေသလို တတိယအကြိမ် လွှတ်တော်အစည်း အဝေးတွေကိုလည်း၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မှာ ကျင်းပဖို့ အစည်းအဝေး ခေါ်ယူထားပြီးဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ ၂၀၂၁ ခုနှစ် မတ်လမှာ ပေါ်ပေါက်လာ ဖို့ရှိတာနဲ့အတူ လက်ရှိအစိုးရအနေနဲ့လည်း ကျန်ရှိနေတဲ့ နောက်ဆုံးရက်ပေါင်း ၁၀၀ မှာတော့ လုပ်လက်စအလုပ် တွေကို ပြီးပြတ်နိုင်သလောက် ဆောင်ရွက်သွားရမှာ ဖြစ်သလို လာမယ့်ငါးနှစ်အတွက် အခြေခံအုတ်မြစ် ကောင်းတွေကို ချမှာအမှန်ပါပဲ။

**ခေါင်းလောင်းထိုးသံ**

ရက်ပေါင်း ၁၀၀ လို့ ပြောလိုက်တော့ လက်ရှိ အစိုးရရဲ့နောက်ဆုံးရက်ပေါင်း ၁၀၀ တိတိရဲ့အစဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေး တိုးတက်မှုအတွက် အရေးပါတဲ့မိန့်ခွန်းတစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်ညီလာခံမှာ ပြောကြားခဲ့ပါတယ်။ ဒီမိန့်ခွန်းဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့သမိုင်း မှတ်တိုင်မိန့်ခွန်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိန့်ခွန်းဟာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့တဲ့ မြန်မာ့စီးပွားရေးကို ကြံ့ကြံ့ခံနိုင်မှုရှိပြီး အရှိန်အဟုန်နဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက် လုပ်ဆောင်ဖို့ ခေါင်းလောင်းထိုးသံလို့ ဆိုနိုင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိန့်ခွန်းမှာ မိမိတို့၏ အနာဂတ်ကာလ၊ ပုဂ္ဂလိက ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါပါကြောင်း၊ စီးပွားရေး လုပ်ငန်းများအားလုံး၊ အမျိုးသမီးဦးဆောင်သည့် လုပ်ငန်း များအပါအဝင် ပြည်တွင်းရှိ သေး၊ ငယ်၊ လတ် အရွယ် အစားအမျိုးမျိုး ဆက်လက်ရှင်သန်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ထုတ်နိုင်ရေးတို့ အတွက် ကြီးမားသော ခွန်အားတစ်ရပ်ဖြစ်စေပါကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများအကြား (Public-Private Cooperation) အပြန်အလှန် ယုံကြည်လေးစားမှုဖြင့် ဆက်ဆံရေး ပိုမို ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များအကျိုးကို ရှေးရှုလျက် မိမိတို့အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် လက်တွဲညီညီ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွား ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း စသည်တို့ကို ထည့်သွင်းပြောကြားခဲ့ပါတယ်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာစာတမ်း**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ သမိုင်းဝင် မိန့်ခွန်း မပြောကြားမီကတည်းကပဲ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ၂၀၂၀ ရွေးကောက်ပွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ ဒါကတော့ အင်န်အယ်လ်ဒီပါတီအနေ နဲ့ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် စီးပွားရေး မှာ ဘာတွေလုပ်မလဲလို့ ကြိုတင်မျှော်မှန်းထားခြင်း ဖြစ်ပါတယ်။ ဒီကြေညာစာတမ်းမှာ စီးပွားရေးနဲ့ ပတ်သက်လို့ အချက် ၁၂ ချက်ပါဝင်ခဲ့ပါတယ်။ ဒီ ၁၂ ချက် ထဲမှာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာစေရေးအတွက် ရေရှည်အမြော်အမြင်နှင့် ဆန်းသစ်တီထွင်သော အစီ အမံများ ဖော်ဆောင်ရေး၊ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးနှင့် လူသားအရင်းအမြစ် များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသေးစား၊ အငယ်စား နှင့် အလတ်စားလုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊ နိုင်ငံတော်၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် တာဝန် ယူမှု တာဝန်ခံမှုရှိသော၊ အရည်အသွေးကောင်းမွန်သော ပြည့်ဝသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ခွင့်ပြုခြင်းများကို ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးထိခိုက်မှုများ လျော့ပါးသက်သာလာစေရေးနှင့် နိုင်ငံ့စီးပွားရေး ပြန်လည် ဦးမော့လာစေရေး၊ တန်ဖိုးမြင့် ပို့ကုန်အမည်သစ်များ ထုတ်လုပ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်ချဲ့ထွင် နိုင်ရေး၊ ခေတ်မီလယ်ယာစနစ်ဖြင့် နိုင်ငံစီးပွားရေး တိုးတက်လာအောင် ဆောင်ရွက်ပြီး အခြားနိုင်ငံများသို့ ဈေးကွက်များ ချဲ့ထွင်နိုင်စေရေး၊ ပွင့်လင်းမြင်သာသည့် အခွန် ယဉ်ကျေးမှုထွန်းကားလာစေရေး၊ မျှတ၍ အားလုံးပါဝင် ယှဉ်ပြိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်း များ ဖန်တီးပေးရေး၊ ခေတ်မီသော ဘဏ္ဍာရေးနည်းပညာ များကို အသုံးပြု၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ္ဍာရေးစနစ်များ ခိုင်ခိုင်မာမာထွန်းကားလာစေရေး နှင့် ကောင်းမွန်ထိရောက်သော ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရေး စသည်တို့ဖြစ်ပါတယ်။

ဒီစီးပွားရေးရည်မှန်းချက် ၁၂ ရပ်ဟာ လာမယ့် ငါးနှစ် မှာ ဆောင်ရွက်သွားမယ့် စီးပွားရေးဆိုင်ရာလုပ်ငန်း လမ်းညွှန်ချက်ပဲဖြစ်ပါတယ်။ ဒီစီးပွားရေးကဏ္ဍမှာ ဆောင်ရွက်မယ့် ရည်မှန်းချက် ၁၂ ရပ်အတွက် လက်ရှိအစိုးရ အနေနဲ့ လက်ကျန်ရက်ပေါင်း ၁၀၀ မှာ အခြေခံအုတ်မြစ် ကောင်းတွေကို ချသွားရမှာဖြစ်ပါတယ်။

**ကိုဗစ်-၁၉နဲ့ ရုန်းကန်နေရတဲ့စီးပွားရေး**

၂၀၂၀ ရွေးကောက်ပွဲနှစ်မှာပဲ မြန်မာ့စီးပွားရေးဟာ ကိုဗစ်-၁၉ နဲ့ ကြုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (MSDP) ကို ချမှတ် အကောင်အထည်ဖော်ခဲ့တာ အရှိန်ရနေပြီ ဖြစ်ပါ တယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံရဲ့စီးပွားရေး တိုးတက်နှုန်းကို ခုနစ်ရာခိုင်နှုန်းရရှိအောင် ရည်မှန်းထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း မမျှော်လင့်ဘဲ ကပ်ရောဂါဘေး နဲ့ ကြုံတွေ့ရတာကြောင့် ကပ်ရောဂါကြောင့် ထိခိုက်မှုကို လျော့နည်းသက်သာစေဖို့ "အားလုံးတပေါင်းတစည်းတည်း ကျော်လွှားခြင်း၊ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာ ရေးစီမံချက် (Covid-19 Economic Relief Plan- CERP) အစီအစဉ်"ကို ရေးဆွဲချမှတ်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကို အစိုးရ တစ်ဖွဲ့လုံး ချဉ်းကပ်မှု (Whole of Government Approach)၊ ပြည်သူတစ်ရပ်လုံးချဉ်းကပ်မှု (Whole of Public Approach) နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ စီးပွားရေး လုပ်ငန်းတွေကို ချေးငွေထုတ်ချေးတာ၊ အခွန်သက်သာခွင့် ပေးတာ၊အခြေခံလူတန်းစားအတွက် ထောက်ပံ့ကြေးတွေ ပေးတာ၊ နိုင်ငံတော်ရဲ့ အရေးပေါ်ရိက္ခာကို စုဆောင်းထားရှိ တာ၊ အခွန်ကောက်ခံမှုနဲ့ အတိုးပေးမှုတွေကို အချိန်ရွှေ့ဆိုင်း ပေးတာ၊ Cash for Work အစီအစဉ်တွေကို အကောင် အထည်ဖော်တာ စတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

CERP အတွင်း နိုင်ငံတော်အနေနဲ့ စုစုပေါင်းတိုင်းပြည် ထုတ်ကုန်တန်ဖိုးရဲ့ လေးရာခိုင်နှုန်းခန့်ကို သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ မပြီးသေးပေမယ့် Myanmar Economic Resilience and Reform (MERRP) ကို ရေးဆွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုကိုလည်း ၂၀၂၀ ပြည့်နှစ်ထက် ကျော်လွန်မယ်လို့ ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ၂၀၂၀-၂၀၂၁ ကာလမှာ ခုနစ် ရာခိုင်နှုန်းလို့ ရည်မှန်းထားပေမယ့် ကမ္ဘာ့ဘဏ်ရဲ့ခန့်မှန်းမှု အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုဟာ သုည ဒသမ ၅ ရာခိုင်နှုန်းပဲ ရှိလိမ့်မယ်လို့ မျှော်မှန်းပါတယ်။ ကိုဗစ်-၁၉ ကြောင့်ဖြစ်တဲ့ စီးပွားရေးကျဆင်းမှုကနေ ပြန်လည်နာလန် ထူနိုင်ဖို့ မြန်မာ့စီးပွားရေး ပြန်လည်နိုးထနိုင်မှုနဲ့ ပြုပြင် ပြောင်းလဲမှု စီမံကိန်း(Myanmar Economic Resilience and Reform Plan- MERRP) ကို ရေးဆွဲခဲ့တာဖြစ်ပြီး ဒီစီမံကိန်းဟာ မူလက နိုင်ငံတော်ကချမှတ်ထားတဲ့ Myanmar Sustainable Development Plan (MSDP) ရဲ့ ရည်မှန်း ချက်တွေကို ပြန်လည်လိုက်မီအောင် (Catching up) ရေးဆွဲ ခဲ့တာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ စီးပွားရေးစနစ်အတွင်း ငွေကြေးပိုမိုသုံးစွဲခြင်း (Cash injection) ကို ဦးတည်တာ ဖြစ်ပြီး တစ်ဖက်မှာလည်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ မေခရိုစီးပွားရေးနဲ့ ငွေရေးကြေးရေး တည်ငြိမ်မှုရှိစေဖို့၊ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက် ကောင်းမွန်စေဖို့၊ လမ်းပန်း၊ အခြေခံအဆောက်အအုံနဲ့ ဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်စေဖို့၊ လူ့အရင်းအနှီး ပိုမိုတိုးတက်စေဖို့နဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ တောမှမြို့သို့ လူဦးရေပြောင်းရွှေ့ခြင်းနဲ့ ပြည်ပသို့အလုပ်အကိုင် သွားရောက် လုပ်ကိုင်မှုပုံစံတွေကို ပြန်လည်ပြောင်းလဲနိုင်ဖို့နဲ့ နိုင်ငံ စီးပွားရေးမှာ စွန့်ထွင်ဦးစီးလုပ်ကိုင်လိုစိတ်ရှိပြီး တိုးတက် ပြောင်းလဲနေတဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ အရေးပါတဲ့ အခန်းကဏ္ဍ ကို အသိအမှတ်ပြုထားပါတယ်။

ဒီစီမံကိန်းဟာ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းတွေ၊ စားသောက်ဆိုင်လုပ်ငန်းတွေထိခိုက် တာ၊ အလုပ်လက်မဲ့တွေ ဖြစ်ပေါ်တာ၊ ပြည်ပမှာ သွားရောက် လုပ်ကိုင်တဲ့ အလုပ်သမားတွေရဲ့ လွှဲပြောင်းပေးငွေတွေ ကျဆင်းတာ၊ အထည်ချုပ်လက်ခစား CMP လုပ်ငန်းတွေ ထိခိုက်တာနဲ့ အထွေထွေဝယ်လိုအား ကျဆင်းတာ၊ ထုတ်လုပ်မှုကွင်းဆက်တွေ ပြတ်တောက်တာ (Supply Chain Disruption)၊ ပို့ဆောင်မှုလုပ်ငန်းတွေ ရပ်ဆိုင်း ကုန်တာ၊ ကျောင်းသားလူငယ်တွေရဲ့ ပညာသင်ကြားမှု အခွင့်အလမ်းတွေ ပြတ်တောက်တာ၊ အစိုးရရဲ့အသုံးစရိတ် တွေ ကြီးမားလာတာ စတဲ့ပြဿနာတွေကိုလည်း ဖြေရှင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြောင်းလဲနေတဲ့ အခြေအနေ တွေအရ မဟာဗျူဟာတွေ၊ စီမံကိန်းကို အချိန်နဲ့တစ်ပြေးညီ အပြောင်းအလဲတွေပြုလုပ်ပြီး ကိုဗစ်-၁၉ ကြောင့် ထိခိုက်တဲ့ စီးပွားရေးကို အရှိန်အဟုန်နဲ့ ပြန်လည်တိုးတက်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဟာ လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း အထိုက်အလျောက် တိုးတက်မှုရရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခြေခံ အဆောက်အအုံအပိုင်းမှာတော့ သိသာတဲ့ ပြောင်းလဲမှုကို တွေ့မြင်ရပြီး အနာဂတ်စီးပွားရေး တိုးတက်မှုအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံကောင်းတွေကို ပြုပြင်ပြောင်းလဲဖန်တီးနိုင်ခဲ့ပါတယ်။

**မြန်မာနိုင်ငံအနေနဲ့ ပြောင်းလဲနေတဲ့ အခြေအနေတွေအရ မဟာဗျူဟာတွေ၊ စီမံကိန်းကို အချိန်နဲ့တစ်ပြေးညီ အပြောင်းအလဲတွေပြုလုပ်ပြီး ကိုဗစ်-၁၉ ကြောင့် ထိခိုက်တဲ့ စီးပွားရေးကို အရှိန်အဟုန်နဲ့ ပြန်လည်တိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါ တယ်။ မြန်မာ့စီးပွားရေးဟာ လွန်ခဲ့တဲ့ငါးနှစ်တာကာလအတွင်း အထိုက်အလျောက် တိုးတက်မှုရရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံအပိုင်းမှာ တော့ သိသာတဲ့ပြောင်းလဲမှုကို တွေ့မြင်ရပြီး အနာဂတ်စီးပွားရေး တိုးတက်မှုအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံကောင်းတွေကို ပြုပြင်ပြောင်းလဲဖန်တီး နိုင်ခဲ့ပါတယ်။**

**နောက်ဆုံးလက်ကျန်ရက်ပေါင်း ၁၀၀ မှာ ဘာတွေ လုပ်နိုင်မလဲ**

လက်ရှိအစိုးရရဲ့ လက်ကျန်ရက်ပေါင်း ၁၀၀ အတွင်း ဘာတွေကို အုတ်မြစ်ချခဲ့သင့်သလဲ၊ ဘာတွေဆောင်ရွက် သင့်သလဲဆိုတာနဲ့ပတ်သက်ပြီး စာရေးသူရဲ့ တွေးထင်မှုကို ဒီဆောင်းပါးမှာ တင်ပြလိုပါတယ်။ အထက်ကဖော်ပြခဲ့တဲ့ စီမံကိန်းတွေအပြင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာအရ အရေးပါပြီး ပိုမိုအလေးထားဆောင်ရွက် စေလိုတဲ့ ဖြည့်စွက်ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကို အောက်ပါအတိုင်း ဖော်ပြလိုပါတယ်-

(၁) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု (Ease of Doing Business) နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ကောင်းများ(Conducive Investment Climate) ကိုဖန်တီးခြင်း၊

- လက်ရှိဆောင်ရွက်နေတဲ့ အစိုးရရဲ့ဝန်ဆောင်မှု လုပ်ငန်းတွေကို ပြည်သူတွေနဲ့ ပုဂ္ဂလိကကဏ္ဍမှ လွယ်ကူစွာ၊ သက်သာစွာ ရရှိစေခြင်းကို အရှိန်အဟုန် မြှင့်ဆောင်ရွက်ရမှာဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်တွေကို ဆွဲဆောင်မှုရှိစေမယ့် ရင်းနှီး မြှုပ်နှံမှု ဝန်းကျင်ကောင်းတွေကို ပိုမိုဖန်တီးပေးရ မှာ ဖြစ်ပါတယ်။
- ဒီရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတွေထဲမှာ နိုင်ငံခြားသားတွေအနေနဲ့ ကွန်ဒိုမီနီယံတွေ ဝယ်ယူ နေထိုင်နိုင်ခွင့်၊ အကြိမ်ကြိမ်ဝင်ထွက်ခွင့်ရစေမယ့် လုပ်ငန်းဗီဇာ (Business Visa) နဲ့ ရေရှည်နေထိုင် ခွင့်(Employment visa) ရရှိစေမယ့် အစီအမံတွေ ကို ဖန်တီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။
- လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရပြီးဖြစ်တဲ့ အထူးစီးပွားရေးဇုန်၊ စက်မှုနဲ့ ဖွံ့ဖြိုးမှုဇုန်တွေကို ကြိုတင်ဖော်ထုတ်ပြီး လမ်းပန်းဆက်သွယ်မှု၊ လျှပ်စစ်ဓာတ်အားနဲ့ ရေရရှိမှု၊ အမှိုက်နဲ့ စွန့်ပစ် ပစ္စည်းတွေစွန့်ပစ်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စနစ်တွေဖွံ့ဖြိုးမှုကို အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

(၂) တာဝန်သိ၊ တာဝန်ယူသည့် ပြည်ပရင်းနှီးမြှုပ်နှံမှု (Promotion of Responsible Foreign Direct Investment) ကို မြှင့်တင်ခြင်းနှင့် ပြည်ပရင်းနှီး မြှုပ်နှံမှုဖွံ့ဖြိုးမှုကို ဖြည့်စွက်ပေးမည့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း (Promotion of Complementary Domestic Investments)

- ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ သဘာဝ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်၊ လူ့အခွင့်အရေး နဲ့ အလုပ်သမားအခွင့်အရေးတွေကို မြှင့်တင်နိုင် ပြီး တာဝန်သိ၊ တာဝန်ယူတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး ဖြစ်အောင် စီမံခန့်ခွဲသွားရမှာ ဖြစ်ပါတယ်။
- ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်များ (Global Value Chains) ကို ချိတ်ဆက်နိုင်ပြီး ပြည်တွင်းအလုပ် အကိုင်တိုးတက်မှုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ ကို တိုးတက်စေကာ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တွေရဲ့ ထုတ်လုပ်မှုဖြစ်စဉ်တွေမှာ မှီခိုနိုင်မယ့် (out-sourcing) ပြည်တွင်းရင်းနှီး မြှုပ်နှံမှုလုပ်ငန်းတွေကို အားပေးထူထောင်ရမှာ ဖြစ်ပါတယ်။

(၃) မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အချက်အချာကျ သည့်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွား ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက် ခြင်း၊

- အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း တွေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး လုပ်ငန်းအစပျိုးမှုကို ဆောင်ရွက် ပေးတဲ့ဌာန (incubation centres) တွေ၊ တီထွင် ဖန်တီးမှုတွေ ပြုလုပ်ပေးတဲ့ဌာန (innovation centres) တွေ၊ ထုတ်ကုန်အရည်အသွေး တိုးမြှင့် ပေးတဲ့ဌာန (product development centres) တွေ၊ စွန့်ဦးတီထွင်တဲ့ လုပ်ငန်းတွေကို မြေတောင်မြှောက်ပေးတဲ့ (start-up centres) များကို ထူထောင်ခြင်း၊ မြန်မာနိုင်ငံမှာ ထုတ်လုပ် တဲ့ ထုတ်ကုန်တွေကို ဖော်ထုတ်ခြင်း (Branding) တစ်မြို့လျှင် ထုတ်ကုန်တစ်မျိုး လုပ်ငန်းစီမံချက်တွေ (One City, One Product Project) ကို အကောင်အထည်ဖော်ပေးခြင်းကို ဆောင်ရွက်သွားသင့်ပါတယ်။
- လုပ်ငန်းတွေကို ဘဏ်မှာ ချေးငွေချေးငှားနိုင်တဲ့ အဆင့် (bankable) ကို ရောက်ရှိအောင်၊ စီးပွားရေးလုပ်ငန်းအစီအစဉ် (Business Plan) ရေးဆွဲနိုင်အောင်၊ စာရင်းကိုင်နဲ့ အရှုံးအမြတ် စာရင်း၊ လက်ကျန်ရှင်းတမ်းတွေ ရေးဆွဲနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ အသေးစားလုပ်ငန်းတွေ (micro businesses) အတွက် အသေးစားချေးငွေ အဖွဲ့အစည်းတွေ (micro-finance organiza-tions) က ချေးငွေရရှိအောင် ဆောင်ရွက်ခြင်းတို့ ကို ဆောင်ရွက်ပေးသင့်ပါတယ်။
- ထုတ်လုပ်မှုနည်းပညာနဲ့ စီမံခန့်ခွဲမှုနည်းပညာ တွေရရှိနိုင်ဖို့ သင်တန်းတွေပေးခြင်း၊ စက်ကိရိယာ တွေကို အဆင့်မြှင့်နိုင်ဖို့ ပြည်ပမှ နည်းပညာမြင့် စက်ကိရိယာတွေ ရရှိနိုင်ဖို့ အရောင်းဌာနတွေကို ထူထောင်ပေးခြင်း၊ ပြည်ပနည်းပညာတွေ၊ စက် ကိရိယာတွေကို ရရှိစေမယ့် (Business to Business E-Commerce) ကို ထူထောင်ပေး ခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။
- မိမိထုတ်ကုန်တွေ ဈေးကွက်ရရှိနိုင်စေဖို့ အတွက် အင်တာနက်မှတစ်ဆင့် ဈေးကွက်သို့ ချိတ်ဆက်နိုင်ရေး စီစဉ်ပေးခြင်း၊ ဈေးကွက် သတင်းအချက်အလက်နဲ့ သိလိုတာတွေကို မေးမြန်းနိုင်တဲ့ လက်ကိုင်ဖုန်းကို အခြေခံတဲ့ အသိဉာဏ်တုနည်းပညာ (Artificial Intelli-gence - AI) သုံး ကွန်ပျူတာအစီအစဉ်(Chat Bot) တွေ ဆောင်ရွက်ပေးခြင်း၊ MSME တွေ အတွက် ဈေးကွက်ရရှိနိုင်ရန် ယင်းတို့ရဲ့ ထုတ်ကုန်တွေအတွက် ကုန်စည်ပြပွဲတွေကို မကြာခဏ ကျင်းပပေးခြင်း၊ အချင်းချင်း အသိပညာဖလှယ်နိုင်ဖို့ MSME အသင်းတွေကို ထူထောင်ပေးခြင်း၊ **(ဆက်လက်ဖော်ပြပါမည်။)**

*(အထက်ပါဆောင်းပါးသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။)*

*(ဆောင်းပါးရှင်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးဖြစ်ပါသည်။ )*

# အပြောင်းအလဲဆိုတဲ့ နှစ်သစ်ရဲ့ နေ့သစ်တွေ

ဆူးငှက်

"အရှေ့ဆီက...၊ ဝင်းပရွှေရည်...
နေခြည်ပွင့်စ...၊ ဩကာသလောက
လှပပွင့်လင်း...၊
နံနက်ခင်း...၊ အဆင်းဝေဆာ..."

**ပိုးစုန်းကြူးတွေက အုပ်လိုက် အုပ်လိုက် စုန်းတောက်စား**

ဒီစာသားလေးက ကျွန်တော့်နှုတ်ဖျားမှာ အမှတ်မထင် သီးခိုခဲ့တာကြာပါပြီ။ ကုန်လွန်ခဲ့တဲ့နှစ်ကာလအချို့မှာ ကျွန်တော်ဟာ အများတကာထက်စောပြီး နေကို စောစော မြင်ခွင့်ရခဲ့တယ်လို့ဆိုရင် မိတ်ဆွေတို့ နှာခေါင်းရှုံ့ မျက်မှောင်ကြုတ်ကြမှာ သေချာပါတယ်။ မင်းက ဘယ်တောင်ပေါ်၊ ဘယ်ကမ္ဘာများရောက်နေလို့ အများတကာ ထက်ထူးပြီး ဒီစကားပြောတာလဲလို့ အပြစ်တင်ကြမှာပေါ့။ ဒီလိုပါ၊ ကျွန်တော် မန္တလေးမြို့ရဲ့ အရှေ့ဘက်အစွန်အဖျား ရွှံ့ဗွက်၊ ရိုးပြတ်၊ လယ်ကန်သင်းဘေး ရောက်ခဲ့ရတာ နှစ် ၂၀ ကျော်ပါပြီ။ ဒီနေရာလေး စပြီးရောက်တော့ ကျွန်တော့်အိမ်လေးရဲ့အရှေ့ဘက်မှာ ပိတ်စွယ်တောကြီး။ တောင်ဘက်မှာလည်း ပိတ်စွယ်တောကြီး။ ဒီ တောရိုင်းပင်တွေက နွေကာလဆိုရင် မှို့လိုလို အဖြူပွင့်တွေ လေမှာလွင့်လို့...။ ညဆိုရင် ဒီအပင်တွေကြားက ပိုးစုန်းကြူးတွေက အုပ်လိုက်အုပ်လိုက် စုန်းတောက်စားယောင်ဆောင်လို့...။

အိမ်လေးရဲ့အရှေ့ဘက်ပိတ်စွယ်တောအဆုံးမှာ ရေအိုင်တွေရှိတယ်။ ရေအိုင်တွေအရှေ့ခြမ်းမှာ ငါးကန်ကြီးတွေရှိတယ်။ ပြီးရင် အင်္ဂလိပ်ခေတ်ကတည်းကဖောက်ခဲ့တဲ့ အောင်ပင်လယ်ကန်ပေါင်ရိုးက ကျောက်လမ်းကွေးကွေး...။ အောင်ပင်လယ်ကန်ထဲမှာတော့ နန်းတော်ရှေ့ဆရာတင်တို့ ခေတ်ကတည်းက "တကယ်တော အစစ်ကဲ့သို့ လယ်တောဖြစ်လို့မို့" ဆိုတဲ့ တစ်နံတစ်လျား လယ်ကွင်းတွေ...။ ဟိုး... အရှေ့တစ်မျှော်တစ်ခေါ် ကန့်လန့်အနားသတ်မှာမှ ရန်ကင်းတောင်နဲ့...။ ဟိုးဝေးဝေး... ရှမ်းရိုးမ တောင်တန်းပြာပြာ...။

**နေရောင်ခြည်ကို မိနစ်အနည်းငယ်ပိုလို့**

ဒီတော့... နွေအခါ ရန်ကင်းတောင်ပေါ် နေလုံးမေးတင်တာနဲ့ ဒီမှာဘက်အစွန်းမှာရှိတဲ့ ကျွန်တော့အိမ်ကလေးဆီ နေရောင်ခြည်က အတားအဆီးမဲ့ ချက်ချင်းရောက်လာတယ်...။ ဆောင်းတွင်းကာလမှာရော...၊ နေက တောင်ဘက်ယွန်းပြီး ရှမ်းရိုးမရဲ့ကြွက်နဖားတောင်ထိပ်က ခပ်ဖျော့ဖျော့ အလင်းရောင်ပေးရင်ကိုပဲ အိမ်ခေါင်းရင်း ငှက်ပျောပင်တွေကြား နေရောင်ခြည်က မြားပစ်နေပြီ။ ဒီတော့ မန္တလေးမြို့ထဲ လူကုံထံရပ်ကွက်တွေထဲမှာ အနောက်ပြင်၊ တောင်ပြင်၊ လူကုံထံရပ်ကွက်မှာ...၊ မြို့သစ်ဂရန်ပေါက်ရပ်ကွက်တွေထဲမှာ...၊ ဟို... ရောဝတီ မြစ်ကမ်းနံဘေး နောက်ဆုံးပေါ်ထွက် တိုက်ခန်းကျယ်ကြီးတွေထဲမှာ နေထိုင်ကြလေကုန်သော ကျွန်တော့်မိတ်ဆွေတွေထက် နေရောင်ခြည်ကို မိနစ်အနည်းငယ်ပိုလို့ စောစောမြင်တွေ့ရတယ်လို့ အစွန်အဖျားမှာနေရခြင်း အပေါ် ဂုဏ်သိမ်စွာ ကျူးရင့်ရခြင်းပါ။


**နေရောင်ခြည်ရတာနှင့် ငှက်ကလေးတွေ စိုးစီ၊ စိုးစီ**

လယ်ကွင်းတွေ၊ ရေကန် ရေအိုင် ရေပေါက်တွေ...။ သပြေခြံ၊ သရက်ခြံတွေကြားမှာနေရတော့ မနက်ခင်း နေရောင်ခြည်ရတာနှင့် ငှက်ကလေးတွေ စိုးစီ၊ စိုးစီ ဝင်းပေါက်မှာ မြည်တော့တာပါပဲ...။ အိုင်လေးတွေထဲက ငါးလေးတွေကလည်း ဖျပ်ဖျပ်လူး ရေကူးကြတာပါပဲ။ အရုဏ်မတက်မီကတည်းက သရက်ကုန်းဘုန်းကြီးကျောင်းက ကုလားတက်ခေါက်သံနှင့်အတူ ဆွမ်းခံသူတော်စင်တွေ ကြွလှမ်းလာကြတော့တာပါပဲ။ ဝီရိယကောင်းတဲ့ခြံအချို့ရဲ့ အစောင့်တဲတွေဆီက ပရိတ်ရွတ်မေတ္တာပို့တဲ့ စီဒီအချပ်ဖွင့်ကြတော့တာပါပဲ။

အဲဒီအချိန် မြေတူး ကန်သင်းဖို့တဲ့ မိသားတစ်စု မနက်စောစော အလုပ်ခွင်ကတောင် ပြန်လာပြီလေ...။ အိမ်ရှေ့က လမ်းလေးပေါ် တံမြက်စည်းလှည်းနေတဲ့ ကျွန်တော်ကို "အာစရိ...၊ ခေါင်းရင်းကငှက်ပျောပင်တွေကြား ကိုင်းရှင်း ပေါင်းရှင်းပေးရဦးမလား"လို့ အလုပ်စပ်နေပြီလေ...။ သူတို့ မနက်စောစောအတွက် သူတို့တစ်မိသားစုလုံး ရှာဖွေပြန်လာကြပါပကော...။ ဒီလိုပဲ ရေတံခွန်တောင်ခြေသွားပြီး ဝါးနီးတွေဝယ်ကြမယ့် တောင်းရက်၊ တံမြက်စည်းထိုးလုပ်သားတွေလည်း စက်ဘီးကိုယ်စီနှင့် ခရီးနှင်ကြပေါ့။ နို့စားနွားမတစ်ကောင်နှင့် အပျိုကြီး၊ လူပျိုကြီး မောင်နှမလည်း နို့ညှစ်ပြီးလို့ အစ်ကိုလုပ်သူက နို့ပုံး စက်ဘီးချိတ်ပြီး မြို့ထဲထွက်သွားကြတာ ကြာပေါ့...။ အနောက်ထီးတိုင်ဈေးကကုန်စိမ်းတွေ လက်ကားယူပြီး အရပ်ထဲ လက်လီ လှည့်ရောင်းတဲ့ ဈေးသည်လည်း "ဒီက အင်းသီးနီမာတွေ..."လို့ အော်ဟစ်လှည့်လည်တာ အိမ်စေ့လုပေါ့...။

**နေခြည်ပွင့်စ ဩကာသလောက လှပပွင့်လင်း**

နံနက်ခင်းတိုင်းဟာ အသစ်ဖြစ်တယ်။ နံနက်ခင်းတိုင်းဟာ သာယာတယ်။ နံနက်ခင်းတိုင်းဟာ အေးမြတယ်။ နံနက်ခင်းတိုင်းဟာ လှပတယ်။ နံနက်ခင်းတိုင်းဟာ နွေးထွေးတယ်။ နံနက်ခင်းတိုင်းဟာ လန်းဆန်းတယ်။ နံနက်ခင်းတိုင်းဟာ တက်ကြွတယ်။ နံနက်ခင်းတိုင်းဟာ ကျက်သရေရှိတယ်။ နံနက်ခင်းတိုင်းဟာ တစ်နေ့တာ အစီအစဉ်တွေအတွက် ဆုံးဖြတ်ချက်အချိန်ဖြစ်တယ်။ နံနက်ခင်းတိုင်းဟာ စိတ်နှလုံးချမ်းမြေ့စေမယ့် နေ့သစ်ရဲ့ အစဖြစ်တယ်။ နံနက်ခင်းတိုင်းဟာ လုံ့လဝီရိယရှိခြင်းရဲ့ တံခါးဝဖြစ်တယ်။ နံနက်ခင်းတိုင်းဟာ မနေ့ကအပေါ် သုံးသပ်ပြီး အနာဂတ်အတွက် ဒီနေ့လုပ်ဆောင်ရမယ့် ခေါင်းလောင်းသံဖြစ်တယ်။



ဒီမြင်ကွင်းတွေ...၊ ဒီအတွေးတွေနဲ့ ယစ်မူးသွားပြီးတဲ့နောက် ကျွန်တော့်နှုတ်ဖျားမှာ အဲဒီစကားလုံးတွေ သီးခိုခဲ့တာပေါ့။

"အရှေ့ဆီက... ဝင်းပရွှေရည်
နေခြည်ပွင့်စ...၊ ဩကာသလောက
လှပပွင့်လင်း...
နံနက်ခင်း... အဆင်းဝေဆာ..."ဆိုတာလေ...။

အပြောင်းအလဲဆိုတဲ့ နှစ်သစ်ရဲ့ နေ့သစ်တွေ

ဟော... အခုလည်း... ကိုဗစ်ကပ်ဆိုးကြီးကြောင့် အိမ်တွင်းအောင်းကြရ၊ ပွဲလမ်းတွေ ပိတ်ပင်ရ၊ တွေ့ဆုံမှုတွေ ရပ်ဆိုင်းရ၊ လူချင်း ဖက်လဲတကင်းနဲ့ ကင်းကြရ၊ တစ်နှစ်ပြည့်လုပြီ။ ဒါပေမယ့် အရင်လို ပြန်မဖြစ်နိုင်တော့၊ နေထိုင်မှုပုံစံသစ်နဲ့ ရှေ့ခရီးဆက်ကြရတော့မယ်။

အပြောင်းအလဲဆိုတဲ့ နှစ်သစ်ရဲ့ နေ့သစ်တွေမကြာခင် ရောက်လာတော့မယ်။ နောက် အသစ်တစ်ဖန် ရောက်လာဦးမယ့် နှစ်သစ်မှာ စစ်မှန်တဲ့ မဏ္ဍိုင်တွေဖြစ်ဖို့ ကျက်သရေမင်္ဂလာရှိစွာနှင့် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားဆိုသော ကုသိုလ်အလုပ်တွေ ဆောင်ရွက်နိုင်ကြဖို့အတွက် မွန်မြတ်သော “ဓမ္မ"တရားများ ကိုယ်စီကိုယ်စီ တည်နိုင်ကြပါစေ...။

# ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာကန့်သတ်ခံနေရသည့် ထိုင်းနိုင်ငံ စမွတ်စခွန်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာအစိုးရက စားနပ်ရိက္ခာများ ထောက်ပံ့





**နေပြည်တော် ဇန်နဝါရီ ၂၄**

လတ်တလော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ထိုင်းနိုင်ငံ စမွတ်စခွန်ခရိုင် ငါးပုစွန်ဈေးဧရိယာတွင် အသွားအလာကန့်သတ်ခံနေရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာအစိုးရမှ ထောက်ပံ့သည့် စားနပ်ရိက္ခာများကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်သည့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

သံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်သည့် သံရုံး၊ စစ်သံရုံး၊ အလုပ်သမားသံအရာရှိရုံးတို့မှ တာဝန်ရှိသူများက စမွတ်စခွန်ခရိုင် တလာကုပုစွန်ဈေးအနီး အသွားအလာကန့်သတ်ခံနေရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အိမ်ခန်း ၁၃၅၀ ခန့်အတွက် ဆန် ၅ ကီလိုဝင်အိတ် ၁၃၅၀၊ ဆီ တစ်လီတာဘူး ၁၃၅၀၊ ပဲ ၅၀၀ ဂရမ်ပါ အိတ် ၁၃၅၀၊ ကြက်ဥ ၁၅ လုံးပါကတ် ၁၃၅၀၊ စည်သွတ်ဘူး ၁၀ ဘူးပါ ကတ် ၁၃၅၀၊ သောက်ရေသန့် ခြောက်လီတာပါဘူး ၉၄၅၀ တို့အား ယမန်နေ့က သွားရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အတူ မြန်မာသံရုံး ဒုတိယအကြီးအကဲ သံအမတ် ဦးစန်းဦးမောင် ဦးဆောင်သည့် သံရုံး၊ အလုပ်သမားသံအရာရှိရုံး၊ အချက်အလက်ကောက်ယူရေးဌာနခွဲ(မဟာချိုင်)မှ တာဝန်ရှိသူများက စမွတ်စခွန်ခရိုင် တလေထိုင်းငါးဈေးအနီး မြန်မာရွှေ့ပြောင်းအလုပ်သမား အိမ်ခန်း ၃၆၀ အတွက် ဆန်ငါးကီလိုဝင်အိတ် ၃၆၀၊ ဆီ တစ်လီတာဘူး ၃၆၀၊ ပဲ ၅၀၀ ဂရမ်ပါ အိတ် ၃၆၀၊ ကြက်ဥ ၁၅ လုံးပါ ကတ် ၃၆၀၊ စည်သွတ်ဘူး ၁၀ ဘူးပါ ကတ် ၃၆၀၊ သောက်ရေသန့် ခြောက်လီတာပါဘူး ၂၅၂၀ တို့အား ယမန်နေ့က သွားရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

မြန်မာအလုပ်သမားများ အသွားအလာကန့်သတ်ခံရသည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ မြန်မာသံရုံး ဗန်ကောက်မြို့နှင့် အလုပ်သမားသံအရာရှိရုံးတို့သည် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် အမြဲမပြတ်ဆက်သွယ်လျက် လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများကို အချိန်နှင့်တစ်ပြေးညီရရှိရေး ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အဆိုပါဒေသတွင် လတ်တလော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေမှုဖြစ်စဉ်နှင့်ဆက်စပ်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ (ရောဂါကူးစက်ခံနေရသူများ၊ အသွားအလာကန့်သတ်ခံနေရသူများ)အနေဖြင့် ကျန်းမာရေး၊ နေထိုင်စားသောက်ရေးအပါအဝင် ရုပ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့် သော်လည်းကောင်း ထိခိုက်ခံစားရမှုများ မရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်မှုပေးရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာအစိုးရအနေဖြင့် ၎င်းတို့ အသွားအလာကန့်သတ်ခံနေရစဉ်အတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ရေးရှုလျက် ယခုကဲ့သို့ စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးခြင်းဖြစ်ပြီး ဆက်လက်၍လည်း မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန စမွတ်စခွန်ခရိုင်ရှိ တာဝန်ရှိသူများနှင့်ဆက်သွယ်လျက် ၎င်းတို့ထံ သွားရောက်တွေ့ဆုံအားပေးပြီး ဆက်လက်ကူညီဆောင်ရွက်ပေးသွားရန် ညွှန်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံထုတ် Oxford-AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဇန်နဝါရီ ၂၇ ရက်တွင် သီရိလင်္ကာနိုင်ငံက လက်ခံရရှိမည်



**ကိုလံဘို ဇန်နဝါရီ ၂၄**
အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် Oxford–AstraZeneca ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို သီရိလင်္ကာနိုင်ငံက ဇန်နဝါရီ ၂၇ ရက်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ကာကွယ်ဆေးအလုံးရေ ခြောက်သိန်းကို ပထမအသုတ်အဖြစ် လက်ခံရရှိမည်ဖြစ်သည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို လာမည့်ရက်သတ္တပတ်အတွင်း စတင်မည်ဖြစ်ကြောင်းနှင့် ဆေးဘက်ဆိုင်ရာ အရာရှိများ၊ ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံသွားမည်ဖြစ်ကြောင်း သမ္မတရာဂျာပက်ဆာက ပြောသည်။

ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် အောင်မြင်စေရန်အတွက် ကာကွယ်ဆေးစမ်းသပ်ထိုးနှံသည့်အစီအစဉ်တစ်ရပ်ကို ယမန် နေ့တွင် စတင်အစမ်းလေ့ကျင့်ခဲ့သည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံမှု အစမ်းလေ့ကျင့်ခြင်းအားဖြင့် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် စတင်ဆောင်ရွက်သည့်အခါတွင် ဖြစ်ပေါ်လာနိုင်မည့် အခက်အခဲများကို ကြိုတင်သိရှိနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟမ်မန်သာ ဟီရတ်က ဆိုသည်။

ထို့ပြင် ကျန်းမာရေးအာဏာပိုင်များအနေဖြင့် တစ်ရက် သို့မဟုတ် တစ်နာရီအတွင်း ကာကွယ်ဆေးမည်သည့်ပမာဏကို ပေးအပ်သွားရမည် ဆိုသည်ကိုပါ သိရှိနိုင်မည်ဖြစ်ကြောင်း ဒေါက်တာဟမ်မန်သာ ဟီရတ်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# ပေါ်တူဂီနိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ကျင်းပ

**လစ္စဘွန်း ဇန်နဝါရီ ၂၄**
ပေါ်တူဂီနိုင်ငံသည် မဲပေးပိုင်ခွင့်ရှိသူ ၁၁ သန်းနီးပါးဖြင့် ဇန်နဝါရီ ၂၄ ရက်တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

လက်ရှိပေါ်တူဂီသမ္မတ မာဆယ်လိုရီဘယ်လိုဒီဆူဆာ အပါအဝင် ကိုယ်စားလှယ်လောင်းခုနစ်ဦးတို့သည် သမ္မတရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး သမ္မတ မာဆယ်လိုရီဘယ်လိုဒီဆူဆာသည် ထောက်ခံမှု ၆၂ ရာခိုင်နှုန်းရရှိထားသူဖြစ်ကြောင်းလည်း ဇန်နဝါရီ ၂၂ ရက်တွင် ထုတ်ပြန်သည့် ရွေးကောက်ပွဲဆိုင်ရာ စစ်တမ်းတစ်ခုက ဖော်ပြထားသည်။

သမ္မတ မာဆယ်လိုရီဘယ်လိုဒီဆူဆာ၏ နောက်တွင် အန်နာဂိုမက်စ်က ထောက်ခံမှု ၁၄ ရာခိုင်နှုန်း၊ အန်ဒရီဗန်တူရာက ၁၀ ရာခိုင်နှုန်းနှင့် မာရီဆာမာတီအက်စ်က ခြောက်ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။ မဲဆန္ဒရှင် ၂၅၀၀၀၀ ခန့်မှာ ဇန်နဝါရီ ၁၇ ရက်ကတည်းက ကြိုတင်မဲပေးထားခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ခံရမည်ကို စိုးရိမ်ခြင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုဆိုင်ရာ မူဝါဒများကြောင့် မဲမပေးသူအရေအတွက် စံချိန်တင် မြင့်တက်လာနိုင်ကြောင်းလည်း သုတေသီများ၏ ပြောကြားချက်ကို ကိုးကား၍ ပေါ်တူဂီသတင်းအေဂျင်စီ လူဆာက ဖော်ပြခဲ့သည်။

မဲမပေးသူအရေအတွက် ၇၀ ရာခိုင်နှုန်းထက် ကျော်လွန်ပါက မဲအရေအတွက် အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးအကြား ဒုတိယအကြိမ်ဆန္ဒမဲပေးမှုပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသူသည် မတ် ၉ ရက်တွင် သမ္မတရာထူးတာဝန်ကို စတင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အိုလံပစ်ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများက ကြိုတင်ပြင်ဆင်မှုဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုအပေါ် စိုးရိမ်လျက်ရှိ

**တိုကျို ဇန်နဝါရီ ၂၄**
တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ကျန်းမာရေးဝန်ထမ်းများသည် ဂျပန်နိုင်ငံ ခရိုင် ၁၁ ခုမှာ နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေအောက်တွင် ရောက်ရှိနေခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန် နှောင့်နှေးကြန့်ကြာနေမှုအပေါ် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဆေးရုံများနှင့် ဆရာဝန်များအသင်းသည် အဆိုပါ အားကစားပြိုင်ပွဲကာလတွင် အားကစားသမားများနှင့် ပွဲကြည့်ပရိသတ်များအား ကျန်းမာရေးစောင့်ရှောက်မှုဖြည့်စွမ်းပေးရမည့်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီက အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ယခုလအတွင်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရှင်းလင်းပြောကြားရန် စီစဉ်ထားခဲ့သော်လည်း အဆိုပါ အစီအစဉ်ကို ဖေဖော်ဝါရီလလယ်အထိ ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများသည် အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန် အချိန်နည်းနေခြင်းနှင့် ဂျပန်နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးအဖွဲ့အစည်းများသည်လည်း ကိုဗစ်–၁၉ ရောဂါ လူနာများဖြင့် အလုပ်များနေခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းအရေအတွက် လိုအပ်ချက်များရှိနေခြင်းတို့အပေါ် စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**




# အာဖရိကသမဂ္ဂက ဇမ်ဘီယာနိုင်ငံအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ၈ ဒသမ ၇ သန်း ပေးအပ်



**လူဆာကာ ဇန်နဝါရီ ၂၄**
အာဖရိကသမဂ္ဂက ဇမ်ဘီယာနိုင်ငံအား Pfizer နှင့် AstraZeneca ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ၈ ဒသမ ၇ သန်း ခန့် ကနဦး ခွဲဝေပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဖရိကတစ်ဝန်းရှိ ပြည်သူအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး လုံလောက်စွာ ထိုးနှံပေးရန် ရည်ရွယ်ပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး စုဆောင်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် အာဖရိကသမဂ္ဂက ဖွဲ့စည်းခဲ့သည်။

ယခုနှစ် ဒီဇင်ဘာလမတိုင်မီ ဇမ်ဘီယာနိုင်ငံအား ကာကွယ်ဆေး ၂၅ သန်းအထိ ပေးအပ်သွားမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ၏ အမြဲတမ်းကိုယ်စားလှယ် အီမန်နျူရယ်မွာဘာက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဇမ်ဘီယာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းကူးစက်မှု အဆမတန်မြင့်တက်လျက်ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ဇမ်ဘီယာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ခံရသူ ၇၄၅ ဦး တွေ့ရှိခဲ့သည့်အတွက် ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ခံရသူပေါင်း ၄၅၃၃၇ ဦးအထိ ရှိလာခဲ့သည်။ ယမန်နေ့က ၁၂ ဦးထပ်မံသေဆုံးခဲ့ရာ ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၉ ဦး ရှိလာခဲ့သည်။

ဇမ်ဘီယာနိုင်ငံသို့ ခွဲဝေပေးသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ၏ ကုန်ကျစရိတ်ကို အာဖရိကတစ်လွှား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးမဟာဗျူဟာ အောင်မြင်စေရန် ငွေကြေးထောက်ပံ့မှုများမှ ကျခံသုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာဖရိကတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးမဟာဗျူဟာအရ အာဖရိက လူဦးရေ၏ အနည်းဆုံး ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးနှံပေးရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်တို့သည် ရာသီဥတုပြောင်းလဲရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကမ္ဘာ့ရေးရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားရန် ယမန်နေ့က ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးစဉ် သဘောတူညီခဲ့ကြသည်။

အမေရိကန်အနေဖြင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ပါရီသဘောတူစာချုပ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပြန်လည်ဝင်ရောက်လာမည့် ဆုံးဖြတ်ချက်အပေါ် ကြိုဆိုပါကြောင်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ထို့ပြင် နေတိုးအဖွဲ့၏အရေးပါမှုကိုလည်း ခေါင်းဆောင်နှစ်ဦးက အသိအမှတ်ပြုခဲ့ကြသည်။


တရုတ်နှင့် အီရန်နိုင်ငံတို့အပေါ် ကျင့်သုံးလျက်ရှိသည့် နိုင်ငံခြားရေးမူဝါဒများအပါအဝင် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်နှင့်ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

အလားတူ သမ္မတ ဂျိုးဘိုင်ဒင်က ကနေဒါဝန်ကြီးချုပ် ထရူးဒေါနှင့် မက္ကဆီကိုသမ္မတ လိုပက်ဇ် အော်ပရာဒေါတို့နှင့်လည်း နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ တယ်လီဖုန်းမှတစ်ဆင့် သီးခြားစီဆွေးနွေးခဲ့ကြသည်။

သမ္မတဟောင်း ထရမ့်၏ အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒကို သမ္မတဂျိုးဘိုင်ဒင်က ပယ်ဖျက်ကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးကျွမ်းကျင်ပညာရှင်များက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# ပင်လယ်ကွေ့ဒေသ၌ ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရန် အစ္စရေးက အမေရိကန်အား ခွင့်ပြု

**တဲလ်အဗစ် ဇန်နဝါရီ ၂၄**

ပါရှားပင်လယ်ကွေ့၊ ဥရောပနှင့် အာရှတိုက်ရှိ အမေရိကန်တပ်စခန်းများတွင် အစ္စရေးလုပ်ဒုံးကျည် ကာကွယ်ရေးစနစ်(Iron Dom)များ ဖြန့်ကြက်ထားရန် အစ္စရေးက အမေရိကန်ကို ခွင့်ပြုလိုက်ကြောင်း အစ္စရေးအခြေစိုက် ဟာရက်ဇ်သတင်းစာက အမည်မဖော်လိုသူ အစ္စရေးလုံခြုံရေးအရာရှိများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

အဆိုပါ ဒုံးကျည် ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ရမည့် နေရာနှင့်ဒေသများကို အစ္စရေးလုံခြုံရေးအရာရှိများက အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ဒုံးကျည်ရန်ကာကွယ်ရေးစနစ်နှစ်ခုကို ဖြန့်ကြက်ရမည့် ဒေသများသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဒုံးကျည်ရန်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ရန် အမေရိကန်၏ ရည်ရွယ်ချက်မှာ ပင်လယ်ကွေ့ဒေသတွင် ဖြန့်ကြက်ထားသည့် ၎င်း၏ တပ်ဖွဲ့ဝင်များအား အီရန်နှင့် အပေါင်းပါတို့၏ တိုက်ခိုက်မှုများမှ အကာကွယ်ပေးရန်ဖြစ်ကြောင်း အစ္စရေးလုံခြုံရေးအရာရှိများက ပြောကြားသည်။ ထို့အပြင် အမေရိကန်သည် ရုရှားနိုင်ငံက အရှေ့ဥရောပဒေသရှိ အမေရိကန်တပ်ဖွဲ့ သို့မဟုတ် အမေရိကန်တပ်ဖွဲ့၏ မဟာဗျူဟာအခြေခံအဆောက်အအုံများအား တိုက်ခိုက်ရန် ကြိုးပမ်းလုပ်ဆောင်နိုင်သည်ကို စိုးရိမ်သည့်အတွက် ယင်းဒေသများတွင်လည်း အစ္စရေးလုပ်ဒုံးကျည်ရန်ကာကွယ်ရေးစနစ်များကို ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

မိတ်ဖက်များနှင့်အတူ အစ္စရေးဒုံးကျည်ရန်ကာကွယ်ရေးစနစ်များ ထုတ်လုပ်လျက်ရှိသည့် ရာဖေးလ်အဆင့်မြင့် ကာကွယ်ရေးကုမ္ပဏီသည် ဥရောပ၊ ပင်လယ်ကွေ့ဒေသ၊ အာရှနှင့် အခြားနိုင်ငံများရှိ အမေရိကန်တပ်ဖွဲ့များအတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များ ထုတ်လုပ်ပေးရန် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် ပြည်နယ်အခြေစိုက် ရေသီယွန်ကာကွယ်ရေးကုမ္ပဏီနှင့်ပူးပေါင်းပြီး အမေရိကန်ပြည်ထောင်စုတွင် ဒုံးကျည်ရန် ကာကွယ်ရေးစနစ် ထုတ်လုပ်ရေးစက်ရုံတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းစာက ထပ်လောင်းဖော်ပြထားသည်။

**ကိုးကား - ဟာရက်ဇ်၊ ဘာသာပြန် - ဂျေတီ**

# ဗီယက်နမ်ငါးဖမ်းသမား ၁၆ ဦးကို မလေးရှားရေကြောင်းအာဏာပိုင်အဖွဲ့ ဖမ်းဆီး

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၄**

ငါးဖမ်းဆီးခွင့်လိုင်စင်တစ်စုံတစ်ရာမပါရှိဘဲ မလေးရှားရေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည့် ဗီယက်နမ်ငါးဖမ်းသင်္ဘောနှစ်စင်းမှ ငါးဖမ်းသမား ၁၆ ဦးကို မလေးရှားရေကြောင်းအာဏာပိုင်အဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဘနားမားသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ငါးဖမ်းသမားများနှင့် ငါးဖမ်းသင်္ဘောနှစ်စင်းတို့ကို ဇန်နဝါရီ ၂၂ ရက်တွင် မလေးရှားကျွန်းဆွယ်အရှေ့ဘက် ကမ်းရိုးတန်းရှိ တီရန်ဂါနူပြည်နယ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း မလေးရှားရေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ငါးဖမ်းသင်္ဘောနှစ်စင်းအား စစ်ဆေးခဲ့ရာတွင် အသက် ၁၈ နှစ်မှ ၆၂ နှစ်အထိရှိသည့် သင်္ဘောကပ္ပတိန်များအပါအဝင် ငါးဖမ်းသမား ၁၆ ဦးပါရှိကြောင်းနှင့် ၎င်းတို့တွင် မလေးရှားရေပိုင်နက်အတွင်းငါးဖမ်းဆီးနိုင်မည့် မည်သည့်လိုင်စင် သို့မဟုတ် မည်သည့်တရားဝင်မှတ်ပုံတင်စာရွက်စာတမ်းမျှမပါရှိကြောင်း တီရန်ဂါနူပြည်နယ် ရေကြောင်းအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး မူဟာမက်ဆူဗီ မောက်ဒ်ရမ်လီက ပြောကြားခဲ့သည်။

၎င်းငါးဖမ်းသမားများသည် ဖမ်းဆီးမခံရမီက ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးခံခဲ့ကြကြောင်းနှင့် ၎င်းတို့အား ငါးလုပ်ငန်းအက်ဥပဒေ ၁၉၈၅ နှင့် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၉၅၉/၆၃ တို့အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား-ဗန်ကောက်ပို့စ်**
**ဘာသာပြန်-အလင်းသစ်**



# ရုရှားနိုင်ငံ၌ ဆန္ဒပြသူ ၃၀၀၀ ကျော်အား ဖမ်းဆီးထိန်းသိမ်း

**မော်စကို ဇန်နဝါရီ ၂၄**

ရုရှားအတိုက်အခံခေါင်းဆောင် အလက်ဇီနာဗာနီအား ပြန်လည်လွှတ်ပေးရန် တောင်းဆိုသည့် စီတန်းလှည့်လည်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူ ဆန္ဒပြသမား ၃၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ရုရှားအတိုက်အခံခေါင်းဆောင် နာဗာနီသည် ဇန်နဝါရီ ၁၇ ရက်တွင် ဂျာမနီနိုင်ငံမှ ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး မကြာမီမှာပင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ယမန်နှစ် ဩဂုတ်လအတွင်းက ဓာတုလက်နက်များ၌ အသုံးပြုသည့် အာရုံကြောကို အဆိပ်ဖြစ်စေသည့် ပစ္စည်းတစ်မျိုးကို အသုံးပြုပြီး အတိုက်အခံခေါင်းဆောင်နာဗာနီ အဆိပ်ခတ်ခံခဲ့ရသည်ဟု ယုံကြည်ရသည်။ ၎င်းသည် ဂျာမနီ နိုင်ငံတွင် ဆေးဝါးကုသမှုခံယူခဲ့သည်။

၎င်းအား ထောက်ခံသည့် ဆန္ဒပြသူဦးရေ ၄၀၀၀၀ ခန့်သည် ဇန်နဝါရီ ၂၃ ရက်တွင်



မြို့တော်မော်စကို မြို့လယ်၌ စုဝေးခဲ့ကြသည်။

ဆန္ဒပြသမားများသည် ခွင့်ပြုချက်မရှိဘဲ စုဝေးခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားပြီး ၎င်းတို့အား လူစုခွဲရန် အာဏာပိုင်များက အမိန့်ပေးခဲ့သည်။

လူစုခွဲရန် အမိန့်ပေးခဲ့ခြင်းအား မလိုက်နာသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအတွင်းရှိ မြို့ကြီး၊ မြို့ငယ် ၁၀၀ ကျော်မှ ဆန္ဒပြသမား ၃၀၀၀ ကျော်ဖမ်းဆီးထိန်းသိမ်းခံရကြောင်း လွတ်လပ်သည့် လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀ ထပ်မံတွေ့ရှိ

**ပေကျင်း ဇန်နဝါရီ ၂၄**

ယမန်နေ့ဆေးမှတ်တမ်းများအရ တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀ ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါအရေအတွက်သည် ဇန်နဝါရီ ၂၂ ရက်တွင် တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၇ ဦးထက်လျော့နည်းသွားကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

ယမန်နေ့တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၆၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၈၉၉၁ ဦးရှိပြီး သေဆုံးသူပေါင်း ၄၆၃၅ ဦးရှိသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# နိုင်ငံတကာ ကိုဗစ်-၁၉ သတင်းများ စုစည်းမှု





## အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားရန်တောင်းဆို

**ဂျေရုဆလင် ဇန်နဝါရီ ၂၄**
အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသည့်နိုင်ငံများမှ အစ္စရေးနိုင်ငံသားများ ပြန်လာခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ မြင့်တက်နေခြင်းကြောင့် အစ္စရေးနိုင်ငံ၏ ဘင်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်မည့် လေကြောင်းခရီးစဉ်များနှင့် ဘင်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာမည့် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ကနဦးတွင် ဘင်ဂူရီယန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာမည့် လေကြောင်းခရီးစဉ်များကိုသာ ရပ်ဆိုင်းထားရန်ဖြစ်သော်လည်း အစ္စရေးအစိုးရ၏ ဇန်နဝါရီ ၂၃ ရက်ကြေညာချက်တွင်မူ ခရီးသည်တင် လေယာဉ်ခရီးစဉ်အားလုံး သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ်သည် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ အမျိုးသား လုံခြုံရေးကောင်စီတို့မှ တာဝန်ရှိသူ များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာခြင်းအပါအဝင် ဒူဘိုင်းသို့ သွားရောက်မည့် ခရီးစဉ်အားလုံးကို ရပ်ဆိုင်းထားရန် ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက အကြံပြုခဲ့သည်။ ယင်းအကြံပြုချက်ကို သယ်ယူပို့ဆောင်ရေးဝန်ကြီး မီရီရီဂျက်ဗ်ကလည်း ထောက်ခံခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံရပ်ခြားမှပြန်လာသော အစ္စရေးနိုင်ငံသားများတွင် ရောဂါပိုး ရှိ၊ မရှိ ခြေရာခံနိုင်ရေးအတွက် အဆင့်မြင့်စောင့်ကြည့်ရေး ကိရိယာများအသုံးပြုမှုကို အစိုးရအနေဖြင့် အတည်ပြုပေးရန်လည်း အစ္စရေး ကျန်းမာရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား - သည်တိုင်းမ်အော့ဖ်အစ္စရေး၊ ဘာသာပြန် - အလင်းသစ်**

## အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်

**ကိုင်ရို ဇန်နဝါရီ ၂၄**
အီဂျစ်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်ကို ယနေ့တွင် စတင်ခဲ့ရာ ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး ထိုးနှံပေးခဲ့ကြောင်း သမ္မတ အဗ္ဗဒယ်လ်ဖာတာအယ်လ်စီစီက ပြောကြားသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အရ ကျန်းမာရေးဝန်ထမ်း အားလုံးကို ၂၁ ရက်ခြား၍ ကာကွယ်ဆေးနှစ်လုံးစီ ထိုးနှံပေးမည်ဟု သမ္မတ အယ်လ်စီစီ၏ ကျန်းမာရေးအကြံပေး မိုဟာမက် အာဝပ်တပ်အယ်လ်ဒင်က ပြောသည်။ အီဂျစ်နိုင်ငံသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံမှ ပေးပို့သည့် ပထမအသုတ် Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လက်ခံရရှိခဲ့သည်။

အီဂျစ်နိုင်ငံက ပြည်သူ သန်း ၂၀ သို့မဟုတ် နိုင်ငံ့လူဦးရေ သန်း ၁၀၀ ၏ ၂၀ ရာခိုင်နှုန်းအတွက် Gavi ကာကွယ်ဆေး မဟာမိတ်အဖွဲ့မှတစ်ဆင့် ကိုဗစ် ကာကွယ်ဆေး အလုံးရေ သန်း ၄၀ ရရှိမည်ဟု ကျန်းမာရေးဝန်ကြီးက ပြီးခဲ့သည့် တစ်ပတ်အတွင်း ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၄၈ ဦးနှင့် သေဆုံးသူ ၅၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား - သည်နေရှင်နယ်နယူးစ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁ ဒသမ ၆ သန်းနီးပါး ရှိသွားပြီဖြစ်

**နယူးဒေလီ ဇန်နဝါရီ ၂၄**
အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့် သီတင်းပတ်က စတင်ခဲ့ပြီး စတင်ထိုးနှံပေးသည့်နေ့မှ ရှစ်ရက်အတွင်း



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁ ဒသမ ၆ သန်းနီးပါးရှိသွားပြီဖြစ်ကြောင်း အိန္ဒိယအစိုးရက ယနေ့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သူ ၁၉၂၆၀၉ ဦး ရှိခဲ့ခြင်းကြောင့် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၅၈၂၂၀၁ ဦးရှိလာခဲ့ခြင်း ဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကနဦးအစီအစဉ်အရ ကျန်းမာရေး ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း သန်း ၃၀ ခန့်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမည် ဖြစ်ပြီး ယင်းနောက်တွင် ရောဂါအခံရှိသည့် အသက် ၅၀ အထက်ရှိသူများနှင့် အသက် ၅၀ အောက်ရှိသူ စုစုပေါင်း သန်း ၂၇၀ ခန့်ကို ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ပြည်နယ်ဝန်ကြီးချုပ် များသည် မတ်လ သို့မဟုတ် ဧပြီလတွင် စတင်ထိုးနှံမည့် ကာကွယ်ဆေးထိုးနှံမှု ဒုတိယကာလတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူမည် ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃ ဒသမ ၄ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဇန်နဝါရီ ၂၄**
အာဖရိကတိုက်၌ ဇန်နဝါရီ ၂၃ ရက်ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၄ သန်းကျော်ရှိလာခဲ့ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာက ပြောကြားခဲ့သည်။

အဆိုပါ အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ အချက်အလက် များအရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသူ စုစုပေါင်းသည်လည်း ဇန်နဝါရီ ၂၃ ရက်ညနေပိုင်းအထိ ၈၃၉၀၁ ဦးရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၈၅၄၂၇၅ ဦး ရှိသွားပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ် ကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုဒဏ်အခံရဆုံးနိုင်ငံဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၀၀၇၆ ဦးအထိရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## သြစတြေးလျ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်

**ဆစ်ဒနီ ဇန်နဝါရီ ၂၄**
သြစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံမှုများကို လာမည့်လမှ စတင်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူ များက ယနေ့ ပြောကြားသည်။

သြစတြေးလျနိုင်ငံသို့ Pfizer ကာကွယ်ဆေး ပထမအသုတ် ဖေဖော်ဝါရီလ တွင် ရောက်ရှိမည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ အသက် ၇၀ နှင့်အထက်ရှိသူများ၊ အရွယ်ရောက်ပြီး ကျန်းမာရေးချို့တဲ့သူများနှင့် အဘော်ရီဂျင်းတိုင်းရင်းသား များအား ပထမဦးစားပေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သြစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် လျော့နည်း သွားသော်လည်း မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဖရိုင်ဒင်ဘတ်က ပြောကြားသည်။

ဒီဇင်ဘာလအတွင်း အသက်ငါးနှစ်အရွယ်ကလေးငယ်များ၏ ၉၅ ဒသမ ၀၉ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့သောဆောင်ရွက်ချက်သည် နိုင်ငံသားများအား ကယ်တင်စောင့်ရှောက် ခြင်းဖြစ်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဖြူးရေးလုပ်ငန်း အပေါ်တွင်လည်း ယုံကြည်မှုများရှိလာစေကြောင်း ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောကြားသည်။

သြစတြေးလျနိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နယ်စပ်ဒေသများ ပိတ်ပင်ခြင်း၊ အသွားအလာ ကန့်သတ်မှုများချမှတ်ခြင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများချမှတ်ခြင်းတို့ ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်းရှိ ဗစ်တိုးရီးယားပြည်နယ်၌ လွန်ခဲ့သော ၁၈ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမတွေ့ရှိရကြောင်းနှင့် နယူးဆောက်ဝေးလ် နှင့် ကွင်းစလန်းပြည်နယ်တို့၌လည်း အစုလိုက်အပြုံလိုက်ကူးစက်မှုများ မတွေ့ရှိရကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - စိုးသူရ**

| |
|---|
| **ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ** |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၉၉၄၀၆၇၇၅ ဦး |
| သေဆုံးသူ ၂၁၃၂၀၄၃ ဦး |
| ပြန်လည်ကျန်းမာလာသူ ၇၁၄၈၀၅၆၇ ဦး |

## ပါကစ္စတန်နိုင်ငံက Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့် အတည်ပြု

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၄**
ကိုဗစ်-၁၉ ကပ်ရောဂါ ကိုင်တွယ်ရာတွင် ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုရန် ပါကစ္စတန်အစိုးရက အတည်ပြုခဲ့သည်။

အစိုးရ၏ ခွင့်ပြုချက်များအရ ပြည်တွင်း ဆေးဝါးကုမ္ပဏီတစ်ခုကို Sputnik V ကာကွယ်ဆေး တင်သွင်းခွင့်နှင့် ဖြန့်ဖြူးခွင့်များ ပေးအပ်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သည်။ Sputnik V ကာကွယ်ဆေးမှာ ပါကစ္စတန်အစိုးရက အရေးပေါ်အခြေအနေ အသုံးပြုရန် အတည်ပြုခဲ့သည့် တတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည်။



ပါကစ္စတန် ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့၏ အစည်းအဝေးတစ်ခုအတွင်း ရုရှားဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် ထုတ်လုပ်သော Sputnik V ကာကွယ်ဆေး အရေးပေါ် အသုံးပြုခွင့် ပေးအပ်ခဲ့ကြောင်း အမည်မဖော်လိုသည့် အစိုးရတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါကစ္စတန် ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့က အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca တို့ ပူးတွဲထုတ်လုပ်သော ကိုဗစ်ကာကွယ်ဆေးနှင့် တရုတ်နိုင်ငံမှ Sinovac ကာကွယ်ဆေး အရေးပေါ် အသုံးပြုခွင့် တရားဝင်ခွင့်ပြုခဲ့သည်။

**ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ကျော်ထိုက်စိုး**







# ရေတာရှည်မြို့နယ်၌ တောင်သူပညာပေး မြေသြဇာစမ်းသပ်ကွက်စိုက်ပျိုး



**ရေတာရှည် ဇန်နဝါရီ ၂၄**

စပါးကို အဓိကစိုက်ပျိုးလျက်ရှိသည့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးသော မြေနှင့် လိုက်လျောညီထွေပြီး မျိုးကောင်းမျိုးသန့်များ ရွေးချယ်ခြင်းအပြင် အဓိက သွင်းအားစုဖြစ်သော ဓာတ်မြေသြဇာကို အကျိုးရှိစွာ သုံးစွဲနိုင်ခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက သပြေတန်းကျေးရွာ ကွင်းအမှတ် (၆၃၇) တောင်သူ ဦးအောင်မျိုးဦး၏အကွက်၌ ရက်၂၀ သား နံ့ကောက် RS မျိုးများ ပင်ကြား ခြောက်လက်မ၊ တန်းကြား ရှစ်လက်မနှုန်းဖြင့် မြေသြဇာစမ်းသပ်ကွက်များ စိုက်ပျိုးပေးခဲ့သည်။

မြေသြဇာစမ်းသပ်ကွက် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ တောင်ငူခရိုင် မြေအသုံးချရေး တာဝန်ခံ ဒေါ်သန်းသန်းဆင့်က “တောင်သူအများစုက ကွန်ပေါင်းနဲ့ ယူရီးယားမြေသြဇာကို အသုံးများတယ်။ အဲဒီအပေါ်မှာမှ ပြုမူချက်က သုံးခုပါ။ ကျွန်မတို့က ပထမဆုံး တောင်သူသုံးတဲ့နှုန်းထားအတိုင်း ၄၃ ပေအကျယ်မှာ ဆောင်ရွက်ထားပါတယ်။ ဒီအပေါ်မှာပဲ မြေသြဇာနှုန်းထားကျတော့ တောင်သူသုံးထားတဲ့ နှုန်းထားအပေါ်မှာပဲ ဒီအကွက်ငယ်လေးမှာ ခြင်တွယ်ပြီးတော့ ထည့်ထားပေးတယ်။ နောက်တစ်ခုက တောင်သူသုံးတဲ့ နှုန်းထားအပေါ်မှာ နိုက်ထရိုဂျင်၊ ယူရီးယား မြေသြဇာကို ထပ်ပြီးထည့်ထားပေးတာပါ။ နောက်ပြုမူချက်တစ်ခုကတော့ တောင်သူသုံးထားတဲ့ နှုန်းထားအပေါ်မှာပဲ ယူရီးယား ထပ်ထည့်ပေးထားတယ်။ တီစူပါနဲ့ ပိုတက် ထပ်ထည့်ထားတဲ့ နှုန်းထားပါ။ အဲဒီ ပြုမူချက်သုံးခုနဲ့ ကျွန်မတို့က ထပ်ပြုချိန် သုံးချိန်လုပ်ပြီးတော့ စုစုပေါင်းအကွက်ငယ် ကိုးကွက်စိုက်ပျိုးထားပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

စပါးသီးနှံစိုက်ပျိုးရာတွင် တီစူပါ၊ ပိုတက်နှင့် ကွန်ပေါင်းမြေသြဇာများကို နှုန်းထားအတိုင်းရောစပ်၍ မြေခံအဖြစ်အသုံးပြုပြီး စိုက်ပျိုးပြီး ၁၀ ရက်သားတွင် ယူရီးယားကို တစ်ကြိမ်၊ အပင်ဥကပ်ချိန်၌ တစ်ကြိမ် ထည့်သွင်း အသုံးပြုရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုလွင် (ဆွာ)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာအနီး မြစ်ကြီးနား-နမ္မတီးသွားကားလမ်းတွင် မည္ဟနဲ့ခင်(ခ)ရှမ်းမ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလိုကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်နေ မခေါန်တောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၅ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကိုလည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် မြို့မတံတားအနီး၌ အောင်ထွန်းဝင်း(ခ)အာရှင်း မောင်းနှင်လာသော မော်တော်ယာဉ်နှင့်အတူ အာမင်မောင်းနှင်ပြီး အောင်ဝင်းနှင့် မစုစုခိုင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၄၅၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်တွင် မသက်ဘဖွယ်တွေ့ရှိသူ နိုင်လင်းထွန်း(ခ) ဘာဘူ အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ၎င်းနေထိုင်သည့် အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၅/၄၅၃-ခ) အခန်း(၇)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ ဆေးခြောက် သုည ဒသမ ၀၁၂ ကီလို၊ အိုက်စ် သုည ဒသမ ၀၅ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၈၆ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် အဆိုပါနေအိမ်ရှေ့သို့ ရောက်ရှိလာသည့် ဣန္ဒဟန်(ခ)ဣန္ဒ မောင်းနှင်လာသော မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



အောင်ထွန်းဝင်း(ခ)အာရှင်း၊ မစုစုခိုင်၊ အောင်ဝင်း၊ အာမင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သံဖြူဇရပ်မြို့နယ် ကျေးရွာ ခုနစ်ရွာ၌ သောက်သုံးရေရရှိရေးဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဝဲဝက်ရာကျေးရွာနှင့် လေယာဉ်ပျံကွင်းကျေးရွာတွင် စက်ရေတွင်း၊ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ရေစုကန်ဆောက်လုပ်ခြင်း၊ ပလိုင်မူးကျေးရွာတွင် ရေစင်နှင့် ရေစက်ရုံဆောက်လုပ်ခြင်း၊ အောက်ငှက်ပျောတောကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ကျုံကရတ်ကျေးရွာတွင် တွင်းနက်တူးဖော်ခြင်း၊ ကွမ်သတ်ကျေးရွာတွင် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း၊ ကျောင်းရွာကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၇၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ရှိန်း(ဓာတု)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

❑ စာမျက်နှာ ၁၉ မှ

| | | |
|---|---|---|
| ၄၇၁ | ဦးအေးမင်းသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၂ | ဒေါ်စွန်းလေးအော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၇၃ | မမွှေးဟာရီ(ပဏ္ဍုမြား) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၇၄ | ဒေါ်သန်းသန်းဌေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၇၅ | ဒေါ်ခင်မမကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၆ | ဦးကြည်စိုး+ဒေါ်ဥမ္မာစိုး၊ ဒေါက်တာစိုးလပြည့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| | ၁၄-၁-၂၀၂၂ ရက်နေ့ စုစုပေါင်း | ၁,၁၄၆,၅၁၁,၈၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရသာ လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

(ဆက်လက်ဖော်ပြပါမည်)



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မှော်ဘီနှင့် ရွှေပြည်သာမြို့နယ်တို့၌ ဥပဒေရုံးအဆောက်အအုံသစ်များ တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် မှော်ဘီနှင့် ရွှေပြည်သာမြို့နယ်တို့၌ ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ်ဥပဒေရုံးသစ်အဆောက်အအုံများတွင် ကျင်းပရာ ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်မျိုးကြည်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် တရားစီရင်ရေးကိစ္စရပ်များနှင့် အခြားသော ဥပဒေရေးရာကိစ္စရပ်များကို အမြဲတမ်းလေ့လာဆန်းစစ်မှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး မိမိတို့နိုင်ငံတွင် ဆောင်ရွက်မည့်နယ်ပယ်ကဏ္ဍမျိုးစုံတွင် ပြောင်းလဲလာသော ခေတ်စနစ်ပုံသဏ္ဌာန်များအရ ဥပဒေရေးရာကိစ္စရပ်များကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရုံးသစ်အဆောက်အအုံဖွင့်ပွဲတွင် ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါ ဥပဒေရုံးအဆောက်အအုံသစ်များကို ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဥပဒေချုပ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးဝန်ကြီးချုပ်က ရုံးသစ်ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်အဆောက်အအုံသစ်နှင့်အဆောက်အအုံ မှတ်တမ်းအထောက်အထားများအား ဆောက်လုပ်ခွင့်ရကုမ္ပဏီတာဝန်ရှိသူများကပေးအပ်ရာ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဌေးအောင်က လက်ခံရယူပေးပြီး အဆိုပါအဆောက်အအုံများမှာ RC နှစ်ထပ်ဖြစ်ကြောင်းသိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် သက်မွေးပညာသင်တန်းကျောင်း(မုဒုံ) ပင်မစာသင်ဆောင်ပန္နက်တင် မင်္ဂလာအခမ်းအနား တက်ရောက်

**မုဒုံ ဇန်နဝါရီ ၂၄**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက မုဒုံမြို့နယ် သက်မွေးပညာသင်တန်းကျောင်း (မုဒုံ) ပင်မစာသင်ဆောင် အဆောက်အအုံတည်ဆောက်ရေး ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီးနှင့် မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူးတို့က မင်္ဂလာအချိန်တော်တွင် ပန္နက်တိုင်တော်များကိုအသီးသီးစိုက်ထူကာ ပန္နက်တိုင်တော်တွင် မင်္ဂလာပန်းစည်းများချည်နှောင်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန်နှင့် မည်သည့်နေရာတွင်မဆို အလုပ်အကိုင်များတွင် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်စေရန် ပညာရပ်များကိုသင်ကြားပေးမည်ဖြစ်ပြီး ဝင်ငွေများတိုးလာစေရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မော်လမြိုင်အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာစည်သူကျော်ထံမှ သိရသည်။

အဆိုပါ သက်မွေးပညာသင်တန်းကျောင်း(မုဒုံ) ပင်မစာသင်ဆောင် သံကူကွန်ကရစ် သုံးထပ် ပေ ၁၇၀ x ပေ ၁၃၀ အဆောက်အအုံကို ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် သန်း ၁၆၀၀ ဖြင့် စုန်ရေရင်းနီးမြုပ်နှံမှုကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ပြင်ပလူနာဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# M2 World Championship ပြိုင်ပွဲ Grand Final တွင် မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်း ဒုတိယရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၄**

M2 Mobile Legends World Championship ပြိုင်ပွဲ Grand Final ကို ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းသည် ဖိလစ်ပိုင်ကိုယ်စားပြု Bren Esports အသင်းကို ၄-၃ ပွဲဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းသည် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရကာ Grand Final သို့ တက်ရောက်လာခြင်းဖြစ်ပြီး Upper Bracket အဆင့်တွင် တွေ့ဆုံခဲ့သော ပြိုင်ဘက်ဖြစ်သည့် ဖိလစ်ပိုင်ကိုယ်စားပြု Bren Esports အသင်းနှင့် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

Grand Final တွင် ဖိလစ်ပိုင်ကိုယ်စားပြု Bren Esports အသင်းသည် အစောပိုင်းနှစ်ပွဲဆက်အနိုင်ရခဲ့သဖြင့် မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းသည် နောက်မှလိုက်ကစားခဲ့ရပြီး ၃-၂ ပွဲဖြင့် ပြန်လည်ဦးဆောင်ခဲ့သည်။

ဆဋ္ဌမမြောက်ပွဲမှာ ဖိလစ်ပိုင်ကိုယ်စားပြု Bren Esports အသင်းက ပြန်လည်အနိုင်ရရှိကာ ၃-၃ ပွဲစီဖြစ်သွားသည်။ နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်ကိုယ်စားပြု Bren Esports အသင်းက ၄-၃ ပွဲဖြင့် အနိုင်ရကာ ချန်ပီယံဖြစ်သွားခဲ့သည်။

**ရှိုင်းထက်ဇော်**

# စာပေအနုပညာမူပိုင်ခွင့်နှင့် CMOများအကြောင်း သိကောင်းစရာ အသိပညာပေး အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီက စီစဉ်ကျင်းပသည့် စာပေအနုပညာမူပိုင်ခွင့်နှင့် CMO များ အကြောင်းသိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲအပိုင်း(၄) (Copyright and CMOs: Episode 4) ကို ယနေ့ည ၇ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် ဌာနဆိုင်ရာများ၊ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဆရာချစ်ဦးညိုက ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေ၏ ပုဒ်မ-၂ အကြောင်းကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ဥပဒေစတင်အာဏာတည်ပြီးနောက်ပိုင်း CMO ပေါ်ပေါက်လာရန်အတွက် ကောင်းမွန်သည့်စီမံခန့်ခွဲမှုများ ကြိုတင်ဆောင်ရွက်နိုင်ရန်၊ စာပေမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ရန်၊ စာပေအနုပညာရပ်များ ပြန့်ပွားရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ကူညီဆောင်ရွက်ပေးမှုများကို CMO ဖြစ်မြောက်ရေး ကော်မတီက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။


ထို့နောက် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက စာပေနှင့် အနုပညာမူပိုင်ခွင့် (သို့မဟုတ်) ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization) အခြေခံဆိုင်ရာ အချက်များခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် CMO များဖွဲ့စည်းဆောင်ရွက်ရခြင်းအကြောင်း၊ CMO များ၏ လုပ်ငန်းတာဝန်များ၊ စံနှုန်းများအကြောင်းနှင့် CMO များဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စာပေအနုပညာမူပိုင်ခွင့်နှင့် CMO များအကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးအောင် (ထုတ်ဝေသူ)က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်စိုးဦး (ဥပဒေပညာရှင်)၊ ဒေါ်ဆွေဇင်ထိုက် (မူပိုင်ခွင့်ကျွမ်းကျင်သူ)နှင့် မောင်မောင်ဖောင်တိန်(ကာတွန်းပညာရှင်) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အွန်လိုင်းမှချိတ်ဆက်တက်ရောက်လာသူများက ၎င်းတို့သိရှိလိုသော မေးခွန်းများကို မေးမြန်းကြရာ စကားဝိုင်းဆွေးနွေးပွဲ ဟောပြော ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။


**သတင်းစဉ်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဓမ္မဝိနယနိုင်ငံရေး

စာရေးသူ ဒေါက်တာထက်ခေါင် (ဓမ္မာစရိယ) တိုင်းရင်းဆေးနှင့် ဗေဒနက္ခတ္တ၊ လက္ခဏာ၊ မနော (သုတေသီ) ရေးသားပြုစုသည့် ဓမ္မဝိနယနိုင်ငံရေးစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင်နူးညံ့သိမ်မွေ့သော ထေရဝါဒတရားတော်များကို စာရှုသူများ နားလည်သဘောပေါက်စေရန် ခေတ်နှင့်အညီရေးသားပြုစုထားသည့်အပြင် လူအချင်းချင်းရိုင်းပင်းကူညီခြင်း၊ ကိုယ်ချင်းစာခြင်း၊ မေတ္တာစိတ်မျိုးဖြစ်ပေါ်စေရန် ဖေ့ဘုတ်ခ်ပေါ်ရေးသားခဲ့သောဆောင်းပါးတိုလေးများကို တစုတစည်း ပြုစုရေးသားထားသည်။

စာအုပ်ကို ဓမ္မရာဇ်စာပေ(ရန်ကုန်)အမှတ် (၁၄၉/၁၅၁) သိမ်ဖြူလမ်း၊ မင်္ဂလာတောင် ညွန့်မြို့နယ်၊ ရန်ကုန် ဖုန်း ၀၉ ၄၂၄၂၇၂၇၀၉နှင့် ဓမ္မရာဇ်စာပေ(မအူပင်) ဖုန်း ၀၉ ၄၇၇၅၃၀၃၆တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။





## ၂၁ ရာစု နိုင်ငံခြားရေးမူဝါဒ

စာရေးသူ အလင်းဆက်(IR) ရေးသားပြုစုသည့် ၂၁ ရာစု နိုင်ငံခြားရေးမူဝါဒ စာအုပ် ထွက်ရှိလာသည်။

နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံတစ်ခု၏ အမျိုးသားအကျိုးစီးပွားအတွက် သာမက ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ထိုက်တန်သော နေရာတစ်ခုရရှိရေးအတွက် ပါ အရေးပါသည်။ နိုင်ငံခြားရေးမူဝါဒ(Foreign Policy) ဆိုသည်မှာ နိုင်ငံတကာ ဆက်ဆံရေးတွင် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်မှုရရှိစေရန် နိုင်ငံတော်အစိုးရက ရွေးချယ်ထားသော မဟာဗျူဟာ(သို့မဟုတ်)ချဉ်းကပ်မှု ဖြစ်သည်ဟု နိုင်ငံတကာပညာရှင်တချို့က ဖွင့်ဆိုကြသည်။ နိုင်ငံတစ်နိုင်ငံ၏ အလားအလာနှင့် အနာဂတ်ကြိုတင်မှန်းဆချက်တို့သည် ဆက်စပ်ဒွန်တွဲနေကြောင်း ရေးသားထားသည်။

စာအုပ်ကို ကိုလတ်စာပေ၊ အမှတ်-၂၀၀၊ ၃၂-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၄၀၉၈၁နှင့် ၀၉ ၅၀၂၀၀၆၈တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။





## မြို့များ ရာဇဝင်များ

စာရေးသူ လင်းထိပ်သျှင်နှင့် စာရေးဆရာ ဆရာမ ၁၁ ဦးတို့ ပြုစုရေးသားထားသော မြို့များ ရာဇဝင်များ (သမိုင်းရေးရာဆောင်းပါးများစုစည်းမှု စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် မြို့တစ်မြို့၏ သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သဘာဝအလှဗေဒစံတန်ဖိုးများကို ခေတ်အဆက်ဆက်တည်တံ့ရှင်သန်စေရန် စာရှုသူလူငယ်များအနေဖြင့် ထိန်းသိမ်းကာကွယ်ပေးချင်စိတ်များကိန်းအောင်းလာစေရန် ရည်သန်ရေးသားထားသည်။

စာအုပ်ကို ပန်းဆွေမွန်စာပေ အမှတ်(၂၆)၊ အောင်သပြေအရှေ့-၁လမ်း၊ ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၂၅၀၀၁၉၈၅၈၊ ၀၉ ၉၆၄၆၆၄၃၀၀တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။





## ခေတ်သစ် တရုတ်-မြန်မာဆက်ဆံရေး

စာရေးသူ အေးမောင်ကျော် ဘာသာပြန်ဆိုရေးသားသည့် ခေတ်သစ် တရုတ်-မြန်မာဆက်ဆံရေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တရုတ်-မြန်မာ ဆက်ဆံရေးသမိုင်း၊ တရုတ်အိပ်မက်နှင့် ဘစ်ဘရယ်ကွန်ရက်၊ တရုတ်သမိုင်းထဲက ဒီမိုကရေစီလွမ်းချင်း၊ ဂလိုဘယ်လိုက်ဖေးရှင်း၊ အရှေ့လေနှင့် တရုတ်နှစ် ၇၀၊ ဝေဖန်မှုအတွန်းအတိုက်များကြားမှ ခေတ်သစ် တရုတ်-မြန်မာဆက်ဆံရေး၊ Think Thank Summit တွင် ပြောကြားသော မိတ်ဆက်စကား၊ ခေတ်သစ်ကမ္ဘာနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးစသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ရူဝံစာအုပ်တိုက်၊ အမှတ် (၂၁၂)၊ ၃၁-လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၅၉၇နှင့် ၀၉ ၇၃၂၀၃၀၃၂ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။





## ခယောင်းလမ်းကို လျှောက်ခဲ့သူများ

စာရေးသူ ဂျေးလ်ဆယ်လီကျော်ဝင်း၊ ခင်မောင်ထွန်း(အကျဉ်းဦးစီး)နှင့် ထောင်မှူးကြီးကိုကိုတို့ ပြုစုရေးသားသည့် ခယောင်းလမ်းကို လျှောက်ခဲ့သူများ စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်လိုအပ်သောယန္တရားတစ်ခုအတွင်းမှ ဘဝများအားသိရှိနားလည်စေရန်နှင့် လေးဘက်လေးတန်ကာရံထားသောအုတ်ရိုးကြီးများနောက်ကွယ်မှ သူတို့၏ တာဝန်ထမ်းဆောင်ရမှုများ၊ သူတို့၏အမြင်အယူအဆများ၊ ရှန်းကန်ဖြတ်သန်းရမှုများ၊ ပေးဆပ်အနစ်နာခံရမှုများနှင့် ၎င်းတို့လျှောက်လှမ်းခဲ့ရသော ခယောင်းလမ်းများအကြောင်းကို ရေးသားထားသည်။

စာအုပ်ကို နေခြည်သစ်စာပေ ဖုန်း ၀၉ ၅၁၈၂၄၉၅၊ ၀၉ ၇၆၄၇၂၀၂၅၆ နှင့် အော်ကျူးမီဒီယာ ဖုန်း ၀၉ ၅၁၇၆၉၃၆တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။





## မစ္စတာ မောင်မှိုင်း၏ ဒေါင်းဂဏ္ဍိ

စာရေးသူ မစ္စတာမောင်မှိုင်း၏ ဒေါင်းဂဏ္ဍိ(ဒေါင်းဋီကာသစ်-စတုတ္ထနှိပ်ခြင်းမှ) ခက်ဆစ်အဖြေစာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ဒေါင်းဋီကာသစ်မှ ရာဇဝင်တွင်ထင်ရှားခဲ့သူများ၊ စာပြုစာဆို ပုဂ္ဂိုလ်များနှင့် ၎င်းတို့ ရေးသားပြုစုခဲ့သော စာပေကျမ်းဂန်စသည်တို့၏ အက္ခရာစဉ် အညွှန်းမာတိကာများပါ ပြုစုရေးသားထားသဖြင့် မြန်မာ့သမိုင်းတွင် သမိုင်းဝင်ထင်ရှားသူများအကြောင်း လေ့လာသိရှိရမည်ဖြစ်သည်။

စာအုပ်ကို မဟာမှိုင်းစာပေ အမှတ် (၅) ချမ်းသာလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်၊





## လွယ်ကူစစ်ဆေး သင့်ကျန်းမာရေး

စာရေးသူ ဒေါက်တာ ခင်မိုးမိုး စီစဉ်ရေးသားသည့် လွယ်ကူစစ်ဆေး သင့်ကျန်းမာရေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိမိကျန်းမာရေးအတွက် မိမိခန္ဓာကိုယ်၏အခြေအနေကိုကြည့်ပြီး မိမိကိုယ်တိုင် အလွယ်တကူစစ်ဆေးနိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။ ပြုလုပ်ရာတွင်လည်း မည်မျှပင်အပန်းမကြီးလှပေ။ ငွေကြေးကုန်ကျမှုလည်းမရှိပါ။ အချိန်အနည်းငယ်သာပေးရန်လိုအပ်သည်။ ထိုစာအုပ်တွင် လမ်းညွှန်ထားသည့်အတိုင်း မိမိပြုလုပ်နိုင်ပါ မိမိကျန်းမာရေးအတွက် အလွန်အသုံးဝင်နိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း(၃၉-လမ်းထောင့်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုး ငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။




## အသည်းရောင်ရောဂါများနှင့် မြန်မာ့အစားအစာ

စာရေးသူ ဒေါက်တာလှကြည်(အာဟာရဆရာဝန်ကြီး)ပြုစုရေးသားသည့် အသည်းရောင်ရောဂါနှင့် မြန်မာ့အစားအစာစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အသည်း၏ခန္ဓာဗေဒ၊ သွေးလှည့်ပတ်စနစ်နှင့် အသားဝါလက္ခဏာ၊ ကူးစက်တတ်သောရောဂါပိုးကြောင့် အသည်းရောင်ခြင်း၊ အသည်းအတွင်း အဆီစိမ့်ဝင်နေခြင်း သို့မဟုတ် ဖက်တီးအသည်းရောဂါ၊ မကူးစက်တတ်သော အသည်းရောင်ရောဂါများ၊ အသည်းအရွတ်ရောဂါနှင့် အသည်းကင်ဆာ၊ အသည်း၏လုပ်ငန်းတာဝန်များ၊ အသည်းလုပ်ငန်းထိခိုက်ပျက်စီးခြင်းဟူသည့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ်(၂၉၆) ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိထားသည်။

# ပြည်သူ့စာကြည့်တိုက် (သို့) ကွန်မြူနတီစာကြည့်တိုက်

## ကိုထွန်း (နည်းပညာ)

ငယ်ငယ်က ဖတ်စရာစာအုပ်တွေများသည်။ ကလေးဘဝက ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း၊ တို့ကျောင်းသား စာစောင်များဖတ်ပြီး စာဖတ်ဝါသနာပါလာသည်။ လူလတ်ပိုင်းရောက်တော့ ဝတ္ထုစာအုပ်များ ငှားဖတ်တတ်လာပြီ။ ထိုအချိန်က ရပ်ကွက်တိုင်းတွင် စာအုပ်အငှားဆိုင်များရှိသည်။ အနည်းဆုံး တစ်ရက်တစ်အုပ်လောက်ငှားပြီးဖတ်ခဲ့သည်။ ရပ်ကွက်အငှားဆိုင်များမှာ လွတ်လပ်သည်။ စာအုပ်ကို စိတ်ကြိုက်မြည်းပြီးမှ နှစ်သက်ရာစာအုပ်ကို ငှားနိုင်သည်။ လူလတ်ပိုင်း စာဖတ်အားကောင်းလာချိန်တွင် ပထမဆုံး စာကြည့်တိုက်နှင့် ထိတွေ့ခဲ့ရဖူးသည်။ မြန်မာ့အလင်း ဝန်ထမ်းသက်သာချောင်ချိရေး စာကြည့်တိုက်ဖြစ်သည်။ ထိုအချိန်က ဝန်ထမ်းသက်သာချောင်ချိရေးဆိုသည်မှာ ခေတ်စားသည်။ ဦးလေးက မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းဖြစ်သည်။ သူငှားရမ်းလာသောစာအုပ်များ ယူဖတ်ရင်း စာကြည့်တိုက်နှင့် ရင်းနှီးလာသည်။ ထိုစဉ်က ရှားပါးစာအုပ်များကို သူ့ထံမှတစ်ဆင့်ငှားရမ်းဖတ်ရှုရင်း စာကြည့်တိုက်ဆိုသည်ကို စတင်သိကျွမ်းခဲ့ရသည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ရာမာကရစ်ရှနာစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ မိခင်တက္ကသိုလ်စာကြည့်တိုက်များသို့ ဘွဲ့ယူစာတမ်းကိစ္စနှင့်ပတ်သက်ပြီး ဝင်၊ ထွက်ငှားရမ်းဖတ်ရှုခဲ့ရသည်။ စာကြည့်တိုက်များနှင့် ပိုမိုရင်းနှီးလာသကဲ့သို့ စာကြည့်တိုက်များ၏ အကျိုးကျေးဇူးကို ပို၍သိရှိလာရသည်။ သို့သော် အဆိုပါစာကြည့်တိုက်များမှာ ထိုစဉ်က အပိတ်စာအုပ်စင်စနစ်ဖြင့် ငှားရမ်းသောစာကြည့်တိုက်များဖြစ်သည်။ စာအုပ်ကို ကက်တလောက်တွင်ရှာ၊ စာကြည့်တိုက်ဝန်ထမ်းများက စာအုပ်ရှာဖွေပေးပြီးမှ ငှားရမ်းရသောစနစ် ဖြစ်သည်။ ထိုစဉ်က စာအုပ်များကို စိတ်ကြိုက်ရှာဖွေ မြည်းစမ်းဖတ်ရှုရသော စာကြည့်တိုက်များကို မှန်းဆမိခဲ့သည်။

လုပ်ငန်းခွင်သို့ဝင်ရောက်သောအခါ စာကြည့်တိုက်များကို ပို၍လေ့လာနိုင်သော အခွင့်အရေးတစ်ရပ် ရရှိခဲ့ပါသည်။ တိုးတက်သောနိုင်ငံကြီးတစ်ခုဖြစ်သော ဂျပန်နိုင်ငံတွင် စာကြည့်တိုက်နှင့်ပတ်သက်သော အကြောင်းအရာများကို သွားရောက်လေ့လာခွင့်ရခဲ့ပါသည်။ တစ်ချိန်က လေ့လာခဲ့ဖူးသော ဂျပန်နိုင်ငံမှ ကွန်မြူနတီစာကြည့်တိုက်များအကြောင်းကို တင်ပြလိုပါသည်။



ဂျပန်နိုင်ငံမှ ပြည်သူ့စာကြည့်တိုက်တစ်ခုကို တွေ့ရစဉ်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ခေတ်ကို မျက်ခြည်မပြတ်စေရန်နှင့် ဗဟုသုတတိုးပွားစေရန်၊ စာဖတ်အားကောင်းလာစေရန်၊ စာကြည့်တိုက်များကို အများပြည်သူ လွယ်လင့်တကူ အသုံးပြုနိုင်စေရန်အတွက် စီစဉ်ဆောင်ရွက်နေပါသည်။ ယင်းသို့ဆောင်ရွက်လာရာတွင် ပြည်သူလူထုနှင့် လက်လှမ်းအမီဆုံး၊ လူထုကိုဦးတည်၍ ဝန်ဆောင်မှုပေးနိုင်သော ပြည်သူ့စာကြည့်တိုက်များကို ဦးစားပေးဖွင့်လှစ်ရန် လိုပါသည်။ ပြည်သူ့စာကြည့်တိုက်များများဖွင့်နိုင်လေလေ၊ စာဖတ်ရှိန်မြင့်လာလေလေ၊ ပြည်သူလူထု၏ အသိဉာဏ်ပညာ တိုးတက်မြင့်မားလာလေလေ ဖြစ်ပါသည်။

ပြည်သူလူထုကို ဦးတည်၍ ဝန်ဆောင်မှုပေးနိုင်သော ပြည်သူ့စာကြည့်တိုက် (သို့) ကွန်မြူနတီစာကြည့်တိုက်များ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် အများအပြား ဖွင့်လှစ်ပေးနိုင်ရန် လိုအပ်ပါသည်။ ထိုကွန်မြူနတီစာကြည့်တိုက်များသည် အသက်အရွယ်ကိုလိုက်၍ ဝန်ဆောင်မှုပေးသော စာကြည့်တိုက်များ ဖြစ်သည်။

**ယခုအခါ မြန်မာနိုင်ငံတွင်လည်း ခေတ်ကို မျက်ခြည်မပြတ်စေရန်နှင့် ဗဟုသုတတိုးပွားစေရန်၊ စာဖတ်အားကောင်းလာစေရန်၊ စာကြည့်တိုက်များကို အများပြည်သူ လွယ်လင့်တကူ အသုံးပြုနိုင်စေရန်အတွက် စီစဉ်ဆောင်ရွက်နေပါသည်။ ယင်းသို့ဆောင်ရွက်လာရာတွင် ပြည်သူလူထုနှင့် လက်လှမ်းအမီဆုံး၊ လူထုကိုဦးတည်၍ ဝန်ဆောင်မှုပေးနိုင်သော ပြည်သူ့စာကြည့်တိုက်များကို ဦးစားပေးဖွင့်လှစ်ရန် လိုပါသည်။ ပြည်သူ့စာကြည့်တိုက် များများဖွင့်နိုင်လေလေ၊ စာဖတ်ရှိန်မြင့်လာလေလေ ပြည်သူလူထု၏ အသိဉာဏ်ပညာ တိုးတက်မြင့်မားလာလေလေဖြစ်။**

ပြည်သူ့စာကြည့်တိုက် (သို့) ကွန်မြူနတီစာကြည့်တိုက်ဆိုသည်မှာ-

ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ မြို့နယ်စုအတွင်းရှိ အများပြည်သူ ဖတ်ရှုနိုင်ရန် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ထုတ်စာအုပ်မျိုးစုံ၊ မဂ္ဂဇင်းမျိုးစုံ၊ သုတ၊ ရသစာအုပ်မျိုးစုံ၊ ဝတ္ထုရှည်၊ တို၊ ကဗျာစာအုပ်များကို စုဆောင်းသိမ်းဆည်းထားရှိသော အဆောက်အအုံ ဖြစ်သည်။ ကွန်မြူနတီစာကြည့်တိုက်များသည် ထိုရပ်ရွာ၏ ယဉ်ကျေးမှုစင်တာတစ်ခုအသွင်လည်း ဆောင်ပါသည်။ ပြပွဲငယ်များ၊ နှီးနှောဖလှယ်ပွဲလေးများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ ဂီတနှင့်ပတ်သက်သော ဖျော်ဖြေပွဲငယ်များ၊ ရုပ်ရှင်ဇာတ်လမ်းတိုများကို ရပ်ရွာနေ လူထု၊ အထူးသဖြင့် လူငယ်နှင့် ကလေးငယ်များအတွက် ရည်ရွယ်ပြုလုပ်ပေးသော နေရာတစ်ခုလည်း ဖြစ်ပါသည်။

ထို့အပြင် စာကြည့်တိုက်ဝန်ထမ်းများအနေဖြင့် စာငှားဖတ်သူများအား လိုအပ်သောအရာများကို ရှင်းပြပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းများသည် ကွန်မြူနတီစာကြည့်တိုက်များ၏ အားသာချက် ဖြစ်ပါသည်။

ကွန်မြူနတီစာကြည့်တိုက်၏ ဝန်ဆောင်မှုကို ပြောပြလိုပါသည်။ ပြည်သူ့စာကြည့်တိုက်များမှာ နည်းနည်းနှင့်ကျဲကျဲဝိုင်းရသောစာကြည့်တိုက်များ ဖြစ်သည်။ တော်သင့်ရုံကျယ်ဝန်းသော အဆောက်အအုံများတွင် ဝန်ထမ်းနည်းနည်း၊ စာအုပ်စင်၊ စာဖတ်ဧရိယာများများနှင့် နည်းပညာအကူအညီယူ၍ ဝန်ဆောင်မှုပေးသော စာကြည့်တိုက်များဖြစ်ပါသည်။ ပြည်သူ့စာကြည့်တိုက်များတွင် LAN (Local Area Network) ချိတ်ဆက်ထားပြီး ငှားရမ်းလိုသော စာအုပ်များကို Network ချိတ်ဆက်၍ အလွယ်တကူ ငှားရမ်းနိုင်သော ဝန်ဆောင်မှုပေးပါသည်။ ဤစနစ်၏ ကောင်းကျိုးမှာ စာကြည့်တိုက်တွင် စာအုပ်အမျိုးအစား စုံလင်ပြည့်စုံစွာထားရန် မလိုတော့ဘဲ စာကြည့်တိုက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ငှားရမ်းပေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်များအနေဖြင့် ရရှိသောငွေနှင့်စာအုပ်များကို စုံလင်စွာ စုဆောင်းနိုင်ပြီး စာငှားသူများအတွက်လည်း ဖတ်ရှုလိုသောစာအုပ်များကို ငှားရမ်းဖတ်ရှုနိုင်ပါသည်။ စာကြည့်တိုက်များတွင် စာကြည့်တိုက်သို့ ရောက်လာသောသူများကို စာကြည့်တိုက်ဝန်ထမ်းများက လွယ်ကူချောမွေ့အဆင်ပြေအောင် ဆောင်ရွက်ပေးပါသည်။

### စာကြည့်တိုက်တည်ရှိရာနေရာ

ပြည်သူ့စာကြည့်တိုက်များမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်တွင်း နေထိုင်သောပြည်သူများ ဗဟုသုတရရှိစေရန်၊ စာဖတ်ဝါသနာပါစေရန်နှင့် လူငယ်နှင့်ကလေးသူငယ်များ စာဖတ်ဝါသနာ ပါလာစေရန် အဓိကဆွဲဆောင်ရသောနေရာများ ဖြစ်လာပါသည်။ သို့ဖြစ်၍ နေရာရွေးချယ်ရာတွင် သင့်တော်သော နေရာအကျယ်အဝန်း၊ ရပ်ရွာမှပြည်သူများ သွားလာရလွယ်ကူသောနေရာ၊ ကလေးများအတွက် လုံခြုံစိတ်ချရသော နေရာထိုင်ခင်း၊ တစ်နေကုန် လာရောက်စာဖတ်သောသူများအတွက် အဆင်ပြေစေသော နေရာများတွင် ရွေးချယ်ဆောက်လုပ်ပေးထားပါသည်။ စာကြည့်တိုက်တစ်ခုနှင့်တစ်ခု အကွာအဝေးကို သတ်မှတ်ထားသဖြင့် စာကြည့်တိုက်များ ချိတ်ဆက်ရာတွင် လွယ်ကူချောမွေ့ပါသည်။

### စာကြည့်တိုက်အဝင်ခန်းမ ခင်းကျင်းထားပုံ

စာကြည့်တိုက်အဝင်ခန်းမတွင် အငှားကောင်တာနှင့် ဝင်ပေါက်ကို ထားရှိပါသည်။ စာကြည့်တိုက်တစ်ခုလုံးကို အငှားကောင်တာနှင့် ထိန်းချုပ်ထားပါသည်။ အငှားကောင်တာတွင် စာအုပ်များကို Electronic System ဖြင့် Bar Code ကို Scan ဖတ်ပြီးမှ စာအုပ်ငှားရမ်းနိုင်မည်ဖြစ်သည်။ အငှားကောင်တာနှင့်ကပ်လျက်တွင် စာကြည့်တိုက်သို့ဝင်သော ဝင်ပေါက်ရှိပါသည်။ ဝင်ပေါက်ကို အတားအဆီး မလုပ်ထားသော်လည်း အချို့စာကြည့်တိုက်များတွင် လုပ်ထားပါသည်။ အငှားကောင်တာတွင် မောင်းတံနှင့် တားဆီးထားပါသည်။ ထို့ပြင် အလိုအလျောက် အချက်ပေးစနစ်ကိုလည်း တပ်ဆင်ထားပါသည်။ အကယ်၍ စာကြည့်တိုက်သည် နှစ်ထပ်အဆောက်အအုံဖြစ်လျှင် အငှားကောင်တာအတွင်း၌ စာအုပ် အတင်၊ အချပြုလုပ်ရန် ဓာတ်လှေကားငယ်တစ်ခုကို ထည့်သွင်းပေးထားပါသည်။ အဝင်ခန်းမနှင့် ကပ်လျက်တွင် စာကြည့်တိုက်သို့ အသစ် ရောက်ရှိလာသော စာအုပ်များကို ပြသထားပါသည်။ အဆိုပါနေရာကို ရုံဖန်ရုံခါ ပန်းချီစာအုပ်နှင့် ယဉ်ကျေးမှု ပြခန်းငယ်အဖြစ်အသုံးပြုပါသည်။ စာကြည့်တိုက်ဝင်ပေါက်မှ ဝင်ရောက်လာလျှင် မှတ်တမ်းစာဖတ်ခန်းရှိပါသည်။ ပြည်သူ့စာကြည့်တိုက်၏ တည်ရှိရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် သက်ဆိုင်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးမှတ်တမ်းမှတ်ရာ၊ ဓာတ်ပုံများ၊ ရပ်ကွက်ကျေးရွာအုပ်စု၏ မြေပုံကားချပ်များ၊ သမိုင်းဝင်အဆောက်အအုံများ၏ အချက်အလက်များကို စုဆောင်းထားသော စာဖတ်ခန်းရှိပါသည်။ အဆိုပါ စာဖတ်ခန်းတွင် ဒေသဆိုင်ရာ အချက်အလက်များကို စာအုပ်များမှလည်းကောင်း၊ ကွန်ပျူတာအသုံးပြု၍လည်းကောင်း ရှာဖွေရယူနိုင်ပါသည်။

စာမျက်နှာ ၂၃ သို့ ✣



ဂျပန်နိုင်ငံရှိ ပြည်သူ့စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ စာအုပ်စင်နှင့်စာကြည့်ရန် နေရာချထားပုံ။



ဂျပန်နိုင်ငံရှိ ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်ငှားရမ်းနေပုံ။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၀ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်စောတင်**

အသက်(၉၆)နှစ်

ဦးဘင်သစ် (ခ) ဦးမိန်တက် (Managing Director of Three Gold Star Manufacturing Co.,Ltd) + ဒေါ်သန်းသန်းဇော် (Director of Three Gold Star Co.,Ltd) တို့၏ မိခင်ကြီးသည် (၂၃.၁.၂၀၂၂)ရက် (စနေနေ့) နံနက် (၅း၀၀)နာရီ အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းလဲကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲပါသည်။

**TA-FA Trading Co.,Ltd.**

ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်စောတင်**

အသက်(၉၆)နှစ်

ဦးဘင်သစ် (ခ) ဦးမိန်တက် (Managing Director of Three Gold Star Manufacturing Co.,Ltd) + ဒေါ်သန်းသန်းဇော် (Director of Three Gold Star Co.,Ltd) တို့၏ မိခင်ကြီးသည် (၂၃.၁.၂၀၂၂)ရက် (စနေနေ့) နံနက် (၅း၀၀)နာရီ အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းလဲကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲပါသည်။

**Noble Beauty Business Group Co.,Ltd.**

ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်ဝင်း အသက်(၈၆)နှစ်**

**ယခင်-မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**

**သာကေတမြို့နယ်၊ ပါတီယူနစ်ကော်မတီဝင်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ နီလာလမ်းသွယ်(၆)၊ အမှတ်(၁၉၇)နေ (ဦးထွန်းကျော်-ဒေါ်နွဲ့)တို့၏ သား၊ ဒေါ်မြမြရီ၏ ချစ်လှစွာသောခင်ပွန်း ဦးစိန်ဝင်း သည် ၂၀-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်ဝင်းအားချစ်ခင်ခဲ့ကြသော**
**အတူတာဝန်ထမ်းဆောင်ခဲ့ကြသူများ**
**ဦးသောင်းအိ၊ ဦးမြတ်တိုး၊ ဦးမြင့်ဦး၊ ဦးတောက်ထွန်း၊ ဦးသန်းအောင်၊ ဦးစံရီ၊ ဦးစိုးမြင့်၊ ဦးမောင်မောင်၊ ဦးအောင်သိန်းနှင့် ယခင်ပါတီယူနစ်ရုံး ဝန်ထမ်းဟောင်းများ။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်ဝင်း**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ နီလာလမ်းသွယ်(၆)၊ ခြံအမှတ်(၁၉၇)နေ မာမီ ဒေါ်မြမြရီ ၏ ချစ်လှစွာသောခင်ပွန်း ဒယ်ဒီ ဦးစိန်ဝင်းသည် ၂၀-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကောင်းရာမွန်ရာ ဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းရင်း ဒယ်ဒီ၏ ချစ်သောမြေးများမှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘုန်းဝေ၊ ရဲခေါင်၊ စည်သူ၊ ဖြူဖြူ၊ အိသူ၊ ငြိမ်းသူ၊ မောင်သန့်၊ ပုတုနှင့် ဒယ်ဒီ၏ ချစ်သောမြေးများ။**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အဲစိန် [၁၃/လရန(နိုင်)၀၃၀၄၀၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အဲစိန်သည် ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘောဂမြိုင်(၃)လမ်း၊ မြေကွက်အမှတ်(၁၂၅၇) မြေရီယာ(၃၀ပေx၅၀ပေ)အား ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ရောင်းချသူဖြစ်သည့် ဒေါ်အိအိခင် [၁၂/မရက(နိုင်)၁၂၃၂၀၉]ထံ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် လက်ထိလက်ရောက်ရယူရန် ကျန်ငွေများအား ပေးချေတော့မည်ဖြစ်၍ ယခု ကျွန်ုပ်မိတ်ဆွေဝယ်ယူမည့် မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သူသူအောင် (LL.B)** | **ဦးယဉ်အောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၈၃၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၅)**
**(၀၉-၄၂၁၀၄၃၂၅၁၊ ၀၉-၂၆၂၉၀၉၅၈၁)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၉ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်-၁၆၉(၃လွှာ)ညာခန်း၊ အကျယ်ပေ(၁၂ ၁/၂ x၅၀)ကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဝင်းလှိုင် [၁၂/ကတတ(နိုင်)၀၂၀၃၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးစန်း[၁၂/တမန(နိုင်)၀၂၇၄၃၄]က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၄-လွှာ၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ဦးထွန်းထွန်းဇော် (၄၈ လမ်း)

## အသက်(၆၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအောင်ဇော်-ဒေါ်တင်အေး)တို့၏ သားကြီး၊ ဦးဌေးနိုင်-ဒေါ်အေးအေးဇော်တို့၏ မောင်၊ ဦးလှိုင်ဝင်းဇော်-ဒေါ်အေးအေးမွန်၊ ဦးထွန်းလင်း-ဒေါ်ခင်မြတ်ဇော်၊ ဦးရဲဝင်းထွဋ်-ဒေါ်မင်းမင်းသောင်းတို့၏ အစ်ကို၊ ဒဂုံဆိပ်ကမ်း(၉၄)ရပ်ကွက်၊ (B) ၇လမ်းနေ ဒေါ်ဖြူဖြူဝင်း၏ ခင်ပွန်း၊ [မစန်းသီတာအောင်(ခ)ဖြူတုတ်]၊ မောင်ဇင်မောင်မောင်အောင်-မထွေးငယ်ငယ်၊ မောင်ဇင်မောင်မောင်နောင်တို့၏ ဖခင်၊ သော်ဇင်ပြည့်စုံ(ခ)ပူးပူး ၏ ချစ်လှစွာသော အဘိုးသည် ၂၄-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂၅)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကေ၊ မြေအကျယ်အဝန်း (အလျားပေ ၄၀xအနံပေ ၆၀)ရှိ ဒေါ်ဝင့်ဝင့်မြတ် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အရှုပ်အရှင်းကင်းကြောင်း ၎င်းမှဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိပွင့်ဖြူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိပွင့်ဖြူ[၁၂/သဃက(နိုင်)၁၄၇၉၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲဖူးဝေနိုင်(LL.B)** | **ဒေါ်လမင်းမမ(LL.B,LL.M)**
**အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ**
**စဉ်-၄၉၆၀၁(၂၀-၃-၂၀၁၈)** | **စဉ်-၄၉၅၈၈(၂၀-၃-၂၀၁၈)**
**ဖုန်း-၀၉-၉၆၆၄၂၉၉၀၄** | **ဖုန်း-၀၉-၇၉၅၉၁၅၀၀၂**

**လိပ်စာ-အမှတ်(၆၀၉)၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အပိုင်း(၄)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက် အမှတ်-၆၁၁၊ မြေကွက်တည်နေရာအမှတ်(၁၆)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဒေါ်သန်းသန်းအေး[၉/မနမ(နိုင်)၀၂၀၂၅၄]ကိုယ်တိုင်က မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် ဆက်စပ်အထောက်အထားများ၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ် (၁၈၃၆)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးအေးကို[၁၂/သကတ(နိုင်)၀၇၃၉၁၄] ဂရန်အမည်ပေါက်ပြီး ၎င်းမှ အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ရာ ဒေါ်ခင်စန်းဝင်း[၁၂/သကတ(နိုင်)၀၇၄၃၅၉]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးသီဟ [၁၂/ဒပန(နိုင်)၀၄၆၀၄၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**ရုံးခန်း-အမှတ်(၈၂)၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**
**လင်းသန့်(အိမ်ခြံမြေ ဥပဒေအကြံပေး)**

# ဒေါက်တာလွမ်းဝေလွင်(ခ)ဒေါက်တာမျိုးလှိုင်

# အသက်(၆၄)နှစ်

ရေဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ ဦးစိန်လှိုင်-(ဒေါ်မိမိကြီး)တို့၏ သား၊ ကိုဇွဲလင်းထက် (Managing Director - Illuminating Success Co.,Ltd.) ၏ ဖခင်ဖြစ်သူ ဒေါက်တာလွမ်းဝေလွင်(ခ)ဒေါက်တာမျိုးလှိုင်သည် ၂၃-၁-၂၀၂၂ ရက် နံနက် ၄း၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

သား-ကိုဇွဲလင်းထက်

# အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ၂၃-၁-၂၀၂၂ ရက် နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားခဲ့သော ကျွန်တော်၏ ဖခင်ဖြစ်သူ ဒေါက်တာလွမ်းဝေလွင် (ခ) ဒေါက်တာမျိုးလှိုင် အသက်(၆၄)နှစ်အား ဆေးရုံတက်ရောက်ကုသနေစဉ်အတွင်း ဝိုင်းဝန်းကူညီ ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်းအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**သား-ကိုဇွဲလင်းထက်**

**(Managing Director -Illuminating Success Co.,Ltd.)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၁၄)၊ မြေကွက်တည်နေရာအမှတ်-၂၂၉၊ အောင်မေတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ် (ငယ်စာရင်း) အမည်ပေါက် ဒေါ်မိုးစန္ဒာ [၁၂/ကမရ(ပြု)၀၀၀၃၂၈] ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၃၈၃၊ မြေကွက်တည်နေရာအမှတ်(၇၀)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဦးအောင်ကျော်မြင့်[၅/ဒပယ(နိုင်)၀၆၁၉၉၇]ကိုယ်တိုင်က မြေပိုင်ဆိုင်မှု အရပ်ကတိဆက်စပ်စာချုပ်များ၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ရရှိရေး အထောက်အကူပြု အဖွဲ့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန် ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၅၀၄)၊ မြေကွက်တည် နေရာအမှတ်-၈၈၊ ဇေယျမင်္ဂလာ(၃)လမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဒေါ်ကြူ [၁၂/လမန(နိုင်)၀၄၁၃၁၈]နှင့် ဦးဆန်းလင်း [၁၂/လမန(နိုင်)၀၁၂၆၈၅]တို့ ကိုယ်တိုင်က မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် ဆက်စပ်အထောက်အထားများ၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ အမှတ် (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## တစ်လပြည့် လွမ်းဆွတ်တမ်းတသတိရခြင်း
## ဗိုလ်ကြီး လွင်ထွန်းနိုင် (DSA–49)

**(25–12–2020 ရက်နေ့တွင် လားရှိုးမြို့၌ ကွယ်လွန်သည်။)**

ယနေ့တွင် သားကြီးအားရည်စူး၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းအစုံနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပါသည်။ သားကြီးအားရည်စူး၍

(၁) သမိုင်းဝင် ကျိုက်ကလော့စေတီတော်မြတ်တွင် တည်ထားကိုးကွယ်မည့် ဘုန်းတော်ပွင့် ဈာနမုဒြာ ရုပ်ရှင်တော်မြတ်ကြီးအတွက် အလှူငွေ (၅)သိန်း။

(၂) ဇေယျာသီရိဘုန်းတော်ကြီးကျောင်း (မင်္ဂလာဒုံ) ၂–ထပ်ကျောင်း ဆောက်လုပ်ရန်အတွက်အလှူငွေ (၃၉)သိန်း။

(၃) ရတနာကျောင်းတိုက် (မင်္ဂလာဒုံ)တွင် (၃)ထပ်ကျောင်းဆောင်အတွက် အလှူငွေ (၅)သိန်း။

(၄) စက္ကဝဠာကျောင်းတိုက်(မင်္ဂလာဒုံ)ဘက်စုံအတွက်အလှူငွေ (၅)သိန်း

(၅) ပိဋကပရဟိတအသင်း (မင်္ဂလာဒုံဈေး)အတွက်အလှူငွေ (၁၀)သိန်း စုစုပေါင်း (၆၄)သိန်းကျပ်တိတိကိုသားကြီးအားရည်စူး၍ လှူဒါန်းခဲ့ပါသည်။

ဤသို့ပြုရသော ကောင်းမှုကုသိုလ်စေတနာတို့ကြောင့် သားကြီး ဗိုလ်ကြီး လွင်ထွန်းနိုင်သည် မြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိပြီး သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ရန် အမျှ အမျှ အမျှ ပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

တစ်လပြည့်သော်လည်း ဘယ်တော့မှ မမေ့ပါဘူးသားကြီးရေ ...

**ချစ်ရပါသော ဖေကြီး မေကြီး**
**ညီလေးနှင့် ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးမျိုးမြင့်အောင်
## အသက်(၅၇)နှစ်
**B.Sc Physics**
**အထက(၂)ဗဟန်း (နန်ယန်)**

ရန်ကုန်မြို့နေ (ဦးမောင်မောင်–ဒေါ်မြင့်မြင့်)တို့၏ သားငယ်၊ (ဦးမြတ်တင်အေး)–ဒေါ်မြင့်မြင့်သန်း (Dora Khin) တို့၏ သားသမက်၊ ဦးသက်ဦးမင်း–ဒေါ်လဲ့လဲ့မြင့်၊ ဦးအောင်မင်း–ဒေါက်တာခင်သင်းသင်း၊ ဦးကျော်ဆန်းထွန်း–ဒေါ်နွယ်နီမောင်မောင်တို့၏ ညီ/မောင်၊ (ဦးတင်မျိုးဇော်)–ဒေါ်လှိုင်လှိုင်မျိုးနွယ်ထွန်း၊ (ဦးတင်ထွန်းဇော်)–ဒေါ်အေးအေးခိုင်တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ ဒေါ်အေးမြတ်စန္ဒီ၏ ချစ်လှစွာသော ခင်ပွန်း၊ မရူပါမျိုးမြင့်အောင် (Pinky) (ခေတ္တ–USA)၊ မောင်တင်ထွဋ်မျိုးမြင့်အောင် (William)တို့၏ ချစ်လှစွာသောဖခင် ဦးမျိုးမြင့်အောင် သည် ၂၀–၁–၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၆–၁–၂၀၂၁ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည် ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

## ဦးကျော်စွာလင်း (TTC–96)
## အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက်(၂၉)၊ အခန်း(၀၀၄)နေ ဦးကိုကို–ဒေါ်ခင်ခင်စီတို့၏ သား၊ ဦးဆန်းထွန်း–ဒေါ်ဇင်မေဦးတို့၏ ညီ/မောင် ဦးကျော်စွာလင်းသည် ၂၀–၁–၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၂၁ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
နွားထိုးကြီးအသင်း
## ဦးတင်ဦး
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၁၃၃)၊ (၂၄)လမ်းနေ (ဦးဘကြိုင်–ဒေါ်လှသင်)တို့၏ သားကြီး၊ (ဦးကျော်–ဒေါ်သင်)တို့၏ သားသမက်၊ ဦးကျော်ဇေယျဦး၊ ဦးကျော်တေဇဦး–ဒေါ်ကေခိုင်ဦး၊ ဒုဗိုလ်မှူးကြီးသန်းထိုက်ရွှေ–ဒေါက်တာငွေးဦးကြိုင်၊ ဒုဗိုလ်မှူးကြီးရဲလင်းထွန်း–ဒေါ်ယဉ်မင်းဦးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်သန်းသန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ဦးသည် ၂၄–၁–၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေးဇော်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာဂီလမ်း၊ အမှတ်(၂၉/၆၇)နေ ဒေါ်ရွှေတင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်မော်–ဒေါ်သင်းသင်းအေး၊ ဦးတင့်ဇော်၊ ဦးဇော်မိုး–ဒေါ်တင်ယုယုလွင်၊ ဦးဟန်လင်း–ဒေါ်ဖြူဖြူခိုင်၊ ဦးဇေယျာလင်းမောင်–ဒေါ်ဝါဝါခိုင်၊ ဒေါ်စိုးစိုးခိုင်၊ ဒေါ်စုစုထွေး၊ ဦးရဲသီဟကျော်–ဒေါ်ဖြူဖြူဇော်တို့၏ ဖခင်၊ မောင်မျိုးဝင့်သူ–မအင်ကြင်းခိုင်၊ မသရဖီသန့်၊ မောင်ညီဟိန်း၊ မောင်လင်းကြယ်ဇင်ဟိန်း၊ မချယ်ရီမေ၊ မရွှေအိမ်လင်း၊ မောင်ထက်ဝဍ္ဍာဟိန်း၊ မောင်သံလွင်ဟိန်းတို့၏ အဘိုး၊ မပိုးအိမ်သူ(ခ)လျှံလျှံ၏ ဘိုးဘိုးကြီးသည် ၂၄–၁–၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်စောတင်
## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၃၀)နေ (ဦးကျော်ငါး) + (ဒေါ်သိန်း)တို့၏သမီးကြီး (ဒေါ်စောကျင်) ၏အမ (ဦးကာဝါ) ၏ဇနီး၊ ဒေါ်ဝင်းမာ၊ ဦးချိန်သီး၊ ဦးကျင်ဟု၊ ဦးဟုစန်း၊ ဦးဘင်သစ်(ခ)ဦးမိန်တက် + ဒေါ်သန်းသန်းမော်တို့၏ ကျေးဇူးရှင် မွေးမိခင်၊ မောင်သော်ဦးဥာဏ်၊ မောင်ကောင်းမင်းသန့်တို့၏အဖွားသည် (၂၃.၁.၂၀၂၁)ရက် နံနက် (၅း၀၀)အချိန်တွင် (၉၆)ပါးရောဂါဖြင့် ဘဝတပါးသို့ ကူးပြောင်းသွားပါသဖြင့် (၂၅.၁.၂၀၂၁)ရက် မွန်းလွဲ (၂း၀၀) နာရီတွင် ရေဝေးသုဿာန်၌ မီးသဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စောတင်
## အသက်(၉၆)နှစ်

ဦးဘင်သစ် (ခ) ဦးမိန်တက်နှင့် ဒေါ်သန်းသန်းမော်တို့၏ မိခင်ကြီး ဒေါ်စောတင် သည် (၂၃.၁.၂၀၂၁)ရက် (စနေနေ့) နံနက် (၅း၀၀)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းလဲကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားနှင့်အတူ ထပ်တူထပ်မျှ

## ဝမ်းနည်းကြေကွဲရပါကြောင်း

(ဦးသက်ဦးမောင်) + ဒေါ်ဝင်းကြည်၊ ဦးလွင်ဦး + ဒေါ်ရွှေအေး၊ ဦးသိန်းတင် + ဒေါ်ဖြုဖြူအေး၊
ဦးကျင်စိန် + ဒေါ်နီနီအေး၊ ဦးဇော်ဦး + ဒေါ်စန္ဒာမြင့်၊ ဦးစိုင်ဟူ + ဒေါ်ဝါဝါအေး၊
ဒေါ်မာလာအောင်၊ ကျန်ရစ်သူ တူ၊တူမများ

# ဇန်နဝါရီ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၇၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ


(၂၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၇၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၇၆) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၆၆) ခု | (၈၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၇၁၇) ခု | (၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၄၅) ခု | (၅၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၉၆) ခု | (၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၂၃) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၁) ခု | (၃၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၆) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၉၈၂) ခု | (၂၂၀) ဦး |
| စုစုပေါင်း | (၁၈,၇၀၆) ခု | (၄၇၆) ဦး |

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

## မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းမကြီး လေးလမ်းသွား အဆင့်မြှင့်တင်



**ရန်ကုန် ဇန်နဝါရီ ၂၄**
မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းကားလမ်းသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကိုဖြတ်၍ နမ့်ခမ်းမြို့အထိ အရှည်မိုင် ၂၉၀ ရှိပြီး Oriental Highway Co., Ltd. က ဘီအိုတီစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းအား မန္တလေးမြို့မှ နောင်ချိုမြို့အထိ လမ်းအရှည် ၇၁ မိုင်နှင့် လားရှိုး-ကွတ်ခိုင်-မူဆယ်လမ်းပိုင်းတို့ကို အဆင့်မြှင့်တင်၍ မူလနှစ်လမ်းသွားမှ လေးလမ်းသွားအထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ပြင်ဦးလွင်မြို့ရှောင်လမ်းနှင့် လားရှိုးမြို့ရှောင်လမ်းတို့ကိုလည်း လမ်းသစ်များအဖြစ် အဆိုပါကုမ္ပဏီကပင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းမကြီးသည် အာရှလမ်းမကြီး အမှတ်(၁၄)၏ ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့သို့ ဆက်လက်သွားရောက်နိုင်သကဲ့သို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် အဓိကအရေးပါသော လမ်းမကြီးတစ်ခုလည်းဖြစ်သည်။

**ခရမ်းစိုးမြင့်**

ကြေးမုံ ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁ ဒသမ ၆ သန်းနီးပါး ရှိသွားပြီဖြစ်**

စာမျက်နှာ » ၁၃

**ပြည်သူ့စာကြည့်တိုက် (သို့) ကွန်မြူနတီစာကြည့်တိုက်**

စာမျက်နှာ » ၂၂

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၄

| | | |
|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ | ဒီဂရီစင်တီဂရိတ် |

## ကိုဗစ်ကာလအတွင်း အသေးစား စီးပွားရေးလုပ်ငန်းများနှင့် အခြေခံလူတန်းစားများ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများလျှောက်ထားရယူနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၄**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းလည်ပတ်ရန် ငွေကြေးအခက်အခဲရှိနေသည့် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် လက်လုပ်လက်စား အခြေခံလူတန်းစားများ အနေဖြင့် ကိုဗစ်ကာလအတွင်း ပက်အပြည်ပြည်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်းမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများလျှောက်ထား ရယူနိုင်ကြောင်း အဆိုပါအဖွဲ့အစည်းမှ သိရသည်။

**ချေးငွေချပေး**

"ချေးငွေလျှောက်ထားတဲ့အခါမှာ ပက်ကနေပြီး အချက်အလက်တွေစစ်ဆေးမယ်။ ချေးငွေလျှောက်ထားတဲ့သူရဲ့ အိမ်တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အာမခံထားတဲ့သူတွေကို သွားရောက်စစ်ဆေးမယ်။ အဲဒီလို စစ်ဆေးလို့ အချက်အလက်တွေ မှန်ကန်တယ်ဆိုရင် ချေးငွေချပေးပါတယ်" ဟု ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်းမှ Chief Operating Officer Mr. Fahmid Bhuiya က ပြောသည်။

ချေးငွေအမျိုးအစားများအနေဖြင့် စီးပွားရေးလုပ်ငန်းချေးငွေ၊ ပစ္စည်းကိရိယာ အရစ်ကျဝယ်ယူခြင်းချေးငွေ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေ၊ တောင်သူဦးကြီးများအတွက် စိုက်ပျိုးစရိတ်ချေးငွေ၊ ထပ်ဆောင်းချေးငွေ၊ လူနေမှုအဆင့်မြှင့်တင်ရေးချေးငွေ၊ ကျန်းမာရေးချေးငွေ၊ ပညာရေးချေးငွေ စသည်ဖြင့် ရှိပြီး ထိုသို့ ချေးငွေများလျှောက်ထားရာတွင် အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံစာ၊ လုပ်ငန်းလုပ်ကိုင်ကြောင်းထောက်ခံစာ၊ အာမခံပေးသူ၏ အချက်အလက်များဖြင့် အဖွဲ့လိုက် ချေးငွေဖြစ်စေ၊ တစ်ဦးချင်း ချေးငွေဖြစ်စေ တစ်နိုင်ငံလုံးရှိ ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်း၏ သက်ဆိုင်ရာမြို့နယ်ရုံးခွဲ ၈၀ ကျော်တွင် ဆက်သွယ်မေးမြန်း လျှောက်ထားရယူနိုင်ကြောင်း သိရသည်။



ထိုသို့ ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်းမှ ချေးငွေများထုတ်ချေးပေးရာတွင် **စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍**